# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ်(၃၅၃)


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ**
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် (၃ /၂၀၂၅)
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၁) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက အထွေထွေ ရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အပါအဝင်) မဲဆန္ဒနယ် အားလုံး၏ လေးပုံတစ်ပုံတွင် မိမိပါတီက ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်ခြင်း၊"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ



နေပြည်တော်ကောင်စီနယ်မြေ၌ ပျိုးထောင်ထားရှိသည့် ကော်ဖီပျိုးပင်များကို တွေ့ရစဉ်။

## မြန်မာတစ်နိုင်ငံလုံး၌ ကော်ဖီသီးနှံ့ ကေတစ်သိန်းအထိ လျာထားစိုက်ပျိုးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၁

လယ်ယာထွက်သီးနှံများကို ပြည်ပပို့ကုန်အဖြစ် တိုးမြှင့်ထုတ်လုပ်နိုင်ရန်နှင့် စိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်တောင်သူများ စီးပွားရေးတွက်ခြေကိုက်၍ အကျိုးရလဒ်ရရှိစေရန်ရည်ရွယ်ပြီး မြန်မာတစ်နိုင်ငံလုံးတွင် ကော်ဖီသီးနှံ့ ဧကတစ်သိန်းကို လျာထားစိုက်ပျိုးလျက်ရှိရာ ယခုလက်ရှိကာလထိ ၆၃၂၂၆ ဧကခန့် စိုက်ပျိုးထားပြီးဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် လက်ရှိစိုက်ပျိုးသည့် ကော်ဖီသီးနှံပင်အမျိုးအစား နှစ်မျိုးရှိရာ တောင်ပေါ်ကော်ဖီခေါ် *စာမျက်နှာ ၃ ကော်လံ ၁* ❍

## ယနေ့ ဖတ်စရာ


နိုင်ငံတော်အကြီးအကဲ၏ သမိုင်းဝင်ခြေလှမ်း သမိုင်းမှတ်တမ်း — ဆောင်းပါး စာ ၆

ပြည်ထောင်စု အိမ်ခြံမြေ ပွဲတော်ဆီသို့ . . . — ဆောင်းပါး စာ ၁၀

အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် — ပြည်တွင်းသတင်း စာ ၁၁

အီရတ်နိုင်ငံက ရေနံအပေါ် မှီခိုမှု လျှော့ချရန် ၂၀၅၀ ဖွံ့ဖြိုးရေးရည်မှန်းချက်သစ် ချမှတ် — နိုင်ငံတကာသတင်း စာ ၁၄






## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရန်ကုန်မြို့ရှိ အနုပညာဗဟိုဌာနတည်ဆောက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မင်းဓမ္မလမ်းပေါ်ရှိ အနုပညာဗဟိုဌာန (Myanmar Art Center – Yangon) သို့ ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ကို ဆောက်လုပ်ရေးရှင်းလင်းဆောင်တွင် Myanmar Land and Development Limited ဆောက်လုပ်ရေးကုမ္ပဏီမှ Managing Director ဦးသန့်ဇင်က ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော လုပ်ငန်းခုနစ်ခု၏ ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး Project Director ဒေါ်ယုယုနိုင်က လုပ်ငန်းပြီးစီးမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းအဆင့်တိုင်း ဆောင်ရွက်ရာ၌ စံချိန်စံညွှန်းမီအောင် ဆောင်ရွက်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်အရည်အသွေး စံနှုန်းများနှင့်အညီ သုံးစွဲရေး၊ Structure ပါအတိုင်း အဆင့်တိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အရည်အသွေးစစ်ဆေးရေးအဖွဲ့ (QC Team) က အလေးထားစစ်ဆေးသွားရေး၊ QC Report တင်ပြပေးရေး၊ လိုက်နာဆောင်ရွက်မှု မှတ်တမ်းထားရှိစစ်ဆေးကြီးကြပ်ပေးရေး၊ ငလျင်ရစ်(ခ်)တာစကေး ၈ ဒသမ ၀ ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ပေးရေး လိုအပ်သည်များကို မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း ရေဂါလန် ၃၀၀၀၀ ဆံ့ Ground Tank နှစ်လုံး တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ ရှစ်လက်မ Tube Well တူးဖော်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ Steel Structure သန့်ရှင်းရေးနှင့် ဆီဆေးသုတ်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ RC Wall နံရံများ အချောကိုင်ခြင်း၊ ရေလုံဆေးသုတ်ခြင်းလုပ်ငန်းများ၏ ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အနုပညာဗဟိုဌာန (Myanmar Art Center–Yangon) ကို ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရပ်များ တင်ဆက်နိုင်မည့် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာနအဖြစ် ဖျော်ဖြေရေးအတွက်သာမက အနုပညာဆိုင်ရာပြပွဲ၊ ပြိုင်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အနုပညာနှင့်ဆက်စပ်သော ဟောပြောပွဲများ ပြုလုပ်နိုင်ရန်အတွက်ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါအနုပညာဗဟိုဌာနကြီး တည်ဆောက်ပြီးစီးပါက နိုင်ငံတကာမှလာရောက်သော ယဉ်ကျေးမှုပဒေသာကပွဲများ၊ ကဇာတ်၊ ပြဇာတ်နှင့် တေးဂီတသံစုံဖျော်ဖြေတီးခတ်မှုများ၊ တေးဂီတဆိုင်ရာဖျော်ဖြေမှုများ၊ အနုပညာနှင့် ဆက်စပ်သော ပန်းချီ၊ ပန်းပုဆိုင်ရာပြပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အနုပညာဆိုင်ရာ ပညာပေးဟောပြောမှုများကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဂီတ၊ သဘင်၊ ရုပ်ရှင်၊ ပန်းချီ၊ ပန်းပုနှင့် စာပေနယ်ပယ်အသီးသီးမှ မြန်မာအနုပညာရှင် လူငယ်များအနေဖြင့် မိမိတို့၏ အနုပညာရပ်များကို ကမ္ဘာသို့ ဖော်ထုတ်ပြသနိုင်မည်သာမက ကမ္ဘာ့အနုပညာအသီးသီးနှင့် ဆက်စပ်ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိစေမည့် အနုပညာဗဟိုဌာနတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပေါင်မြို့နယ်၌ ဥစားပိန်းများ ဈေးကောင်းရရှိ၍ စီးပွားဖြစ်စိုက်ပျိုး

**ပေါင် စက်တင်ဘာ ၂၁**

မွန်ပြည်နယ် ပေါင်မြို့နယ်အနီးဝန်းကျင်တစ်ဝိုက်နှင့် ကျေးလက်ဒေသများတွင် ဥစားပိန်းစိုက်တောင်သူများ ဈေးကောင်းရရှိသဖြင့် မိသားစုတစ်ပိုင်တစ်နိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

ဥစားပိန်းပင်များကို မစိုက်မီ မြောင်းပေါင်ကို အရင်ဆုံးပြုပြင်ရပြီး စိုက်ပေါင်များအတွင်း မြေခံကြက်ချေး သို့မဟုတ် နွားချေးနှင့် ဆန်စက်မှ ရရှိသည့် ဖွဲမှုန့်များကို ရောစပ်ထည့်ပေးရကြောင်း၊ ပိန်းပင်ပေါက်များကို တစ်ပင်နှင့်တစ်ပင် တစ်ပေခန့်အကွာ စိုက်ပျိုးရကြောင်း၊ အပင်ကြီးထွားမှုနှင့် လေဝင်လေထွက်ကောင်းရန် ဂရုစိုက်ရပြီး ရက် ၈၀ ခန့်အကြာတွင်စတင်၍ ဥများတူးဖော်ကာ ရောင်းချရကြောင်း ပေါင်မြို့နယ် ကျုံကကျေးရွာမှ ဥစားပိန်းစိုက် တောင်သူတစ်ဦးက ပြောသည်။

ဥစားပိန်းများကို ရာသီမရွေးစိုက်ပျိုးရပြီး ဈေးကွက်တွင် ဈေးကောင်းရရှိ၍ တောင်သူများ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရာမှ ယခုအခါ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

*○ရှေ့ဖုံးမှ*

(Aribica)မျိုးနှင့် မြေနိမ့်ကော်ဖီ (Robusta) မျိုးတို့ဖြစ်ပြီး တောင်ပေါ်ကော်ဖီမှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ တောင်ကုန်းတောင်တန်းများတွင်အောင်မြင်ဖြစ်ထွန်း၍ မြေနိမ့်ကော်ဖီမှာမူ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၈၀၀ မှ ၂၅၀၀ အကြား စိုက်ပျိုး၍ အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

ကော်ဖီသီးနှံ ကေတစ်သိန်းပြည့်မီရန် လျာထားစိုက်ပျိုးသည့်ဒေသများမှာ နေပြည်တော်၊ မန္တလေး၊ ပဲခူး၊ ဧရာဝတီ၊ မွန်၊ တနင်္သာရီ၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးတို့ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနတို့အနေဖြင့် စိုက်ပျိုးသည့် လုပ်ငန်းရှင်တောင်သူများအား ကော်ဖီသီးနှံမျိုးစေ့၊ ပျိုးပင်နှင့် နည်းပညာများပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကံဆောင်က ပြောသည်။

"ကော်ဖီသီးနှံဟာဆိုရင် အရိပ်ရပင်နဲ့ တွဲဖက်စိုက်ပျိုးရတဲ့ သီးနှံဖြစ်တဲ့အတွက် သီးနှံသစ်တော ရောနှောစိုက်ပျိုးခင်းများအဖြစ် ဆောင်ရွက်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်ထိန်းသိမ်းစေနိုင်တဲ့အပြင် ကော်ဖီသီးနှံကလည်း ဝင်ငွေရရှိပြီး အရိပ်ရအပင်တွေကို သက်တမ်းပြည့်ပါက ခုတ်ယူ၍ မျိုးခြားသစ်ပွအဖြစ် အသုံးပြုနိုင်ပါတယ်။

လုပ်ငန်းရှင်တောင်သူတွေအတွက် နှစ်ဖက်က ဝင်ငွေရရှိပြီး အထူးအကျိုးဖြစ်ထွန်းစေသည့် စိုက်ပျိုးရေးလုပ်ငန်းဖြစ်တဲ့အတွက် ကော်ဖီတိုးချဲ့စိုက်ပျိုးခြင်းလုပ်ငန်းကို လျာထားချက်ပြည့်မီအောင် အထူးအလေးပေးဆောင်ရွက်သင့်ကြောင်း တိုက်တွန်းပြောကြားလိုပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ကော်ဖီပင်သက်တမ်း ငါးနှစ်ပြည့်သည့်အခါ ထွက်ရှိလာသည့် ကော်ဖီဆန် (Green Bean)ကို ရုရှား၊ ဘယ်လာရုစ်၊ အီတလီ၊ တရုတ်၊ ထိုင်း၊ စင်ကာပူ စသည့်နိုင်ငံများသို့ ထပ်မံတင်ပို့ရောင်းချရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်ဖီ၏ အရည်အသွေးနှင့် တင်ပို့သည့်နိုင်ငံများ၏ ကြိုက်နှစ်သက်မှုအပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှု အနည်းငယ်ရှိမည်ဖြစ်ကြောင်း၊ အများဆုံးတင်ပို့ရောင်းချနေသည့် နိုင်ငံများစာရင်းတွင် တရုတ်၊ ထိုင်း၊ ယူအေအီး၊ ကာတာ၊ ဂျပန်နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

### ဆီဆိုင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ဆီဆိုင် စက်တင်ဘာ ၂၁**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်)ရှိ ခန်းမ၌ ကျင်းပသည်။

ဦးစွာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဆိုက်ခေါင်)မှ ကျောင်းအုပ်ဆရာကြီး ဦးခွန်အောင်မန်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကြီးဒဲရယ်က လူငယ်စကားဝိုင်း ကျင်းပပေးသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်)မှ ကျောင်းသား ကျောင်းသူများက အသီးသီးဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း ဦးဆောင်သော တပ်မတော်(ရေ) ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်

**နေပြည်တော် စက်တင်ဘာ ၂၁**

မြန်မာ့တပ်မတော်(ရေ)နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေတပ်) နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေတပ်) ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Cui Yuzhong ၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စက်တင်ဘာ ၁၄ ရက်တွင် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး စက်တင်ဘာ ၂၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့သည်။

**ကြိုဆိုနှုတ်ဆက်**

အဆိုပါခရီးစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်သော တပ်မတော်(ရေ) ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက် ညနေပိုင်းတွင် ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေတပ်)ဌာနချုပ်သို့ သွားရောက်ခဲ့ရာ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Cui Yuzhong နှင့် အဆင့်မြင့်အရာရှိကြီးများက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဒုတိယရေတပ်ဦးစီးချုပ်တို့သည် ရေတပ်ဂုဏ်ပြုတပ်ဖွဲ့၏ကြိုဆိုအလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား လိုက်လံကြည့်ရှု စစ်ဆေးသည်။ ယင်းနောက် ဌာနချုပ်ခန်းမတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ရေတပ်) ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း ဦးဆောင်သော တပ်မတော်(ရေ) ကိုယ်စားလှယ်အဖွဲ့နှင့် North Sea Fleet ၏ Acting Commander ဖြစ်သူ Rear Admiral Wang Tianlin တို့ တွေ့ဆုံဆွေးနွေးစဉ်။

ဆက်လက်၍ အစည်းအဝေးခန်းမတွင် နှစ်နိုင်ငံရေတပ်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ ညပိုင်းတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေတပ်)၊ ဒုတိယရေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**ရှင်းလင်းပြသ**

စက်တင်ဘာ ၁၇ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော တပ်မတော်(ရေ) ကိုယ်စားလှယ်အဖွဲ့သည် ချင်းတောင်မြို့ North Sea Fleet ရှိ ဖျက်သင်္ဘော Xining သို့ သွားရောက်လေ့လာခဲ့ရာ စစ်ရေယာဉ်မှူးက လိုက်လံရှင်းလင်းပြသခဲ့သည်။

ထို့နောက် North Sea Fleet ဌာနချုပ်သို့ သွားရောက်ခဲ့ရာ North Sea Fleet Commander နှင့် အရာရှိကြီးများက တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့အား North Sea Fleet ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုအလေးပြုခဲ့ပြီး North Sea Fleet ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့သည်။

**သွားရောက်လေ့လာ**

အလားတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၈ ရက်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေတပ်)၏ Navy Submarine Academy သို့ သွားရောက်လေ့လာခဲ့ရာ Navy Submarine Academy ကျောင်းအုပ်ကြီးက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုအလေးပြုပြီး Academy ၏ သမိုင်းကြောင်းနှင့် လေ့ကျင့်သင်ကြားမှုများကို ရှင်းလင်းတင်ပြ၍ ကျောင်းဝင်းအတွင်းရှိ စာကြည့်တိုက်၊ Simulator၊ Trainer များကို လှည့်လည်ကြည့်ရှုကာ ရေတပ်ပြတိုက်သို့ သွားရောက်လေ့လာခဲ့သည်။

စက်တင်ဘာ ၁၉ ရက်တွင်လည်း ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းမြို့ရှိ Shanghai Hudong-Zhonghua သင်္ဘောကျင်းသို့ သွားရောက်လေ့လာခဲ့ရာ သင်္ဘောကျင်းတာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့သည်။

တရုတ်နိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လင်ကွမ်းဘုရားကျောင်း၊ Great Wall အစရှိသည့် အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ် နိုင်ငံတကာနည်းပညာကွန်ဂရက်သို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၁

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပသည့် ဒုတိယအကြိမ် နိုင်ငံတကာနည်းပညာကွန်ဂရက် (The Second International Technology Congress-ITC) သို့ တက်ရောက်ရန် စက်တင်ဘာ ၁၄ ရက်တွင် ရန်ကုန်မြို့မှ ရုရှားနိုင်ငံ မော်စကိုမြို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး စက်တင်ဘာ ၂၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။**




နိုင်ငံတကာ နည်းပညာကွန်ဂရက်ကို ရုရှားနိုင်ငံ မော်စကိုမြို့ရှိ Patriot Expo တွင် သုံးရက်ကြာ ကျင်းပပြုလုပ်ခဲ့ပြီး ကွန်ဂရက်တွင် မျက်နှာစုံညီအစည်းအဝေး (Plenary Session) များ၊ ခေါင်းစဉ်အလိုက် ပြုလုပ်သည့် နည်းပညာဖိုရမ်များ၊ နည်းပညာသစ်များကို သရုပ်ဖော်ပြသသည့် Demonstration Session များကို သီးခြားစီပြုလုပ်ခဲ့သည်။ ကွန်ဂရက်ကာလအတွင်း ရုရှားနိုင်ငံမှ နည်းပညာကုမ္ပဏီကြီးများကလည်း ပြခန်းများ ဖွင့်လှစ်ပြသခဲ့သည်။

**အဖွင့်မိန့်ခွန်းပြောကြား**

ဒုတိယအကြိမ် နိုင်ငံတကာနည်းပညာ ကွန်ဂရက်၏ International Plenary Session ကို ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organisation) ၏ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် စိတ်ချယုံကြည်ရသည့် နည်းပညာများ (Digital Compass. Partner Dialogue: course towards trusted technologies) ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပရာ ဒုတိယဝန်ကြီးက အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

ဒုတိယအကြိမ် နိုင်ငံတကာ နည်းပညာကွန်ဂရက်၏ "International cooperation for the development of next-generation industrial automation systems forum" ကို စက်တင်ဘာ ၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပရာ ဒုတိယဝန်ကြီးက စက်မှုလုပ်ငန်းများတွင် လူသားကြီးကြပ်မှုမလိုဘဲ အလိုအလျောက်ဆောင်ရွက်သည့် automation စနစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးဆောင်ရွက်ရမည့် အကြောင်းအရာများခေါင်းစဉ်ဖြင့် အမှာစကားပြောကြားသည်။

ဒုတိယအကြိမ် နိုင်ငံတကာ နည်းပညာကွန်ဂရက်၏ ဒုတိယအကြိမ် International Plenary Session ကို လုပ်သားများ၏ ထုတ်လုပ်မှုအား မြှင့်တင်ပေးရာတွင် နည်းပညာသစ်များ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပရာ ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။

**ထည့်သွင်းဆွေးနွေး**

အစည်းအဝေးများတွင် ဒုတိယဝန်ကြီးက စိတ်ချယုံကြည်ရသည့် နည်းပညာများ (trusted technologies) ကို မြန်မာနိုင်ငံအပါအဝင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် မိတ်ဖက်နိုင်ငံများအားလုံး ပါဝင်အသုံးပြုနိုင်စေရန် အချက်များကို လည်းကောင်း၊ ဆိုက်ဘာလုံခြုံရေး မြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စများကိုလည်းကောင်း၊ စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်ကို အားလုံးပါဝင်နိုင်သည့် ပုံစံမျိုးဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ဆောင်ရွက်ရမည့်အချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံဒစ်ဂျစ်တယ်နည်းပညာနှင့် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အပါအဝင် နိုင်ငံတကာနှင့် လက်တွဲပြီး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း ထည့်သွင်းဆွေးနွေးသည်။

ဒုတိယအကြိမ် နိုင်ငံတကာ နည်းပညာ ကွန်ဂရက်သို့ တက်ရောက်နေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် ပြုလုပ်သည့် ရုရှား-အာဆီယံ နည်းပညာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့လည်း ပါဝင်တက်ရောက်ပြီး ဒစ်ဂျစ်တယ်စီးပွားရေး၊ ဆိုက်ဘာလုံခြုံရေး၊ ဂြိုဟ်တုဆက်သွယ်ရေး၊ အီးကောမတ်၊ အိုင်တီပစ္စည်းများနှင့် Software ထုတ်လုပ်သည့် ကဏ္ဍများတွင် အာဆီယံနှင့် ရုရှားနိုင်ငံတို့အကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို အာဆီယံနိုင်ငံများ ကိုယ်စား ပါဝင်ဆွေးနွေးသည်။

ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒုတိယအကြိမ် နိုင်ငံတကာ နည်းပညာကွန်ဂရက်တွင် ပြသထားသည့် ပြခန်းများသို့ ရုရှားနိုင်ငံ စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် လှည့်လည်ကြည့်ရှုရာ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုများအပေါ် ပြန်လည်ဆွေးနွေးခဲ့သည်။

ယခုနှစ် ပြုလုပ်သည့် နိုင်ငံတကာ နည်းပညာကွန်ဂရက်သို့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်မှ ကိုယ်စားလှယ် စုစုပေါင်း ၄၀၀ ကျော် ပါဝင်တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၁** - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကရင်ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီ၏ (၅/၂၀၂၅)ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ဘားအံ စက်တင်ဘာ ၂၁**

ကရင်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ (၅/၂၀၂၅)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ကရင်ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ဒေသနေပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ကရင်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူးက အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ(NRSC)က ချမှတ်ထားသည့် (Quick Win) လုပ်ငန်းအစီအမံ(၅) ရပ်၊ Global Plan နှင့် ကရင်ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကောင်စီ၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီမှ ၂၀၂၅ ခုနှစ် ဩဂုတ်လထိ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးက ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုနှင့် ဖြစ်ပွားရသည့်အကြောင်းအရင်းများ၊ စည်းကမ်းပျက်ယာဉ် စစ်ဆေးအရေးယူဖမ်းဆီးမှုများ၊ အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခဲ့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ကောင်စီအဖွဲ့ဝင်များက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် စီမံခန့်ခွဲရေးဆပ်ကော်မတီ၊ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီ၊ သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီဝင်များ၊ ခရိုင်အဆင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မာလာထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအထောက်အကူပြု Software ကို အမှတ်(၁၀)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူးထံ လွှဲပြောင်းပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ကွန်ပျူတာ Software ရေးဆွဲပေးသော နောက်ဆုံးနှစ်ကျောင်းသား မောင်အောင်ကောင်းခန့်နှင့် ကြီးကြပ်ဆရာမနှစ်ဦးတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**







# မကွေးတိုင်းဒေသကြီး မကွေးမြို့၌ အခြေခံပညာ ကျောင်းသားအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**မကွေး စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ အခြေခံပညာ ကျောင်းပေါင်းစုံ အမျိုးသား အမျိုးသမီး အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီး အားကစားကွင်း၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊တိုင်း/ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ပြိုင်ပွဲဝင်အသင်းများက အားကစား သစ္စာအဓိဋ္ဌာန် (၄) ချက် ရွတ်ဆိုကြကာ အ.ထ.က(ခွဲ) ဆားစည့် ကျောင်းမှဘင်ခရာအဖွဲ့နှင့် အ.လ.က အောင်စေတနာကျောင်းမှ ကျောင်းသူလေးများက ပန်းဖွားအကဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မကွေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ Fitness Exercises ကို "အာရှမြန်မာ" သီချင်းဖြင့် သရုပ်ပြတင်ဆက်ခြင်းနှင့် အ.လ.က–ရဲ ကျောင်းမှ ထာဝရသစ္စာသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းများကို ကြည့်ရှုအားပေး၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် မကွေးခရိုင်အသင်းနှင့် ပခုက္ကူခရိုင်အသင်းတို့၏ ဘောလုံးယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကျောင်းသား အားကစားပြိုင်ပွဲကို ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များကာယ၊ ဉာဏဖွံ့ဖြိုးတိုးတက်စေရေး၊ မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမ အချင်းချင်း စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာလာစေရေး၊ နိုင်ငံတော်အတွက် အားကိုးအားထားရသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးအဆင့် အခြေခံပညာ ကျောင်းသား အားကစားပြိုင်ပွဲများဖြစ်သည့် အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘတ်စကက်ဘောပြိုင်ပွဲ၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများကို စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၁** – နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# (၈၄)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ရာသီဥတုအပြောင်းအလဲနှင့် ဆက်စပ်၍ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၁**

(၈၄)ကြိမ်မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း AERDTC ခန်းမ၌ ကျင်းပရာ သက်ဆိုင်ရာပညာရှင်များ က "ရာသီဥတု အပြောင်းအလဲနှင့်ဆက်စပ်၍ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။ **(ယာပုံ)**

ဦးစွာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနက သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်၍ လွှမ်းခြုံနိုင်သော မျိုးစေ့ထုတ်လုပ်မှုစနစ်ကို ပိုမိုခိုင်မာစွာ တည်ဆောက်ကာ အရည်အသွေးမြင့် မျိုးစေ့များ တောင်သူများလက်ထဲရောက်ရှိရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသနှင့်ကိုက်ညီသော မျိုးများ အသုံးပြုနိုင်ရေး၊ ဒေသအလိုက် မျိုးစေ့ဖူလုံရေးအတွက် ဒေသန္တရမျိုးစေ့စနစ်ဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် တောင်သူတိုင်းကိုယ်တိုင် မျိုးစေ့ထုတ်လုပ်နိုင်စေရန် မျိုးစေ့ထုတ်နည်းပညာများ စနစ်တကျမျှဝေပေးပြီး တောင်သူကိုယ်တိုင် ပူးပေါင်းပါဝင်သည့် မျိုးစေ့ထုတ်စနစ်ဖွံ့ဖြိုးတိုးတက်လာရေး ဦးတည်ဆောင်ရွက်သွားစေလိုကြောင်း၊ ယခုအခါ မျိုးစေ့ထုတ်ကုမ္ပဏီများ ပေါ်ပေါက်လာသော်လည်း စိုက်ပျိုးရေးဧရိယာအားလုံးအတွက် ဖူလုံရန် လိုအပ်လျက်ရှိကြောင်း၊ ပြည်ပမှ မျိုးစေ့တင်သွင်း အသုံးပြုရခြင်းသည် ရေရှည်အတွက် အဖြေမဟုတ်ကြောင်း ပြောကြားသည်။



ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယုမွန်က မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးဂေဟဗေဒဇုန်များ၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ အပူလွန်ကဲသည့် ဖြစ်စဉ်များ၊ ရာသီဥတုပြောင်းလဲမှု၊ ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းရန် နည်းလမ်းများ၊ ဒေသအလိုက် မျိုးစေ့ဖူလုံရေးဆောင်ရွက်ရန် နည်းလမ်းများ၊ ရာသီဥတုဒဏ်ခံနိုင်သည့် သီးနှံမျိုးများထုတ်လုပ်ခြင်း၊ ဒေသအလိုက် ရာသီဥတုဒဏ်ခံနိုင်သည့်မျိုးများ စိုက်ပျိုးရွေးချယ်ခြင်း၊ ပွားများခြင်း၊ မျိုးစေ့ရှင်သန်နိုင်စွမ်းအားတို့နှင့် ပတ်သက်၍ တင်ပြပြီး ဆွေးနွေးပွဲတက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို အသေးစိတ်ရှင်းလင်းဖြေကြားသည်။

(၈၄)ကြိမ်မြောက်ကျင်းပသည့် အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်များ၊ သုတေသီများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူ ၂၁၈ ဦးက zoom point ၁၀၀ ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်အကြီးအကဲ၏ သမိုင်းဝင်ခြေလှမ်း သမိုင်းမှတ်တမ်း

**စာဖတ်ပရိသတ်တစ်ဦး**

ဩဂုတ် ၃၁ ရက်နေ့မှသည် စက်တင်ဘာ ၇ ရက်အထိ ထုတ်ဝေခဲ့သော နိုင်ငံပိုင်သတင်းစာများကို ကျွန်တော်မှတ်မှတ်ရရ ရွေးထုတ်လျက်ရှိသည်။ သာမန်အားဖြင့်ဆိုမူ ဖတ်ရှုပြီး သတင်းစာအဟောင်းများကို စက္ကူအဟောင်းဝယ်သူထံ ပိဿာချိန်ဖြင့် ပြန်လည်ရောင်းချလေ့ရှိသော်လည်း မှတ်တမ်းမှတ်ရာအဖြစ် ထားရှိရမည့်၊ ထားရှိသင့်သည့် သတင်းစာအချို့ကိုမူ သီးသန့်ဖိုင်တွဲ၍ သိမ်းဆည်းထားလေ့ရှိပါသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်တင်ဘာ ၁ ရက်က တီယန်ကျင်းမြို့၌ ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation– SCO SUMMIT 2025 Plus) ၌ ဆွေးနွေးပြောကြားစဉ်။

ဆိုခဲ့ပါ ထိုနေ့ထိုရက်ထုတ်သတင်းစာများကိုလည်း ဖိုင်တွဲ၍မှတ်တမ်းအဖြစ် သိမ်းဆည်းထားရန်ဖြစ်သည်။ မှတ်တမ်းဟူ၍ မည်ကာမတ္တမှတ်တမ်းမျိုးမဟုတ်။ နိုင်ငံတော်၏ သမိုင်းမှတ်တမ်း၊ နိုင်ငံတော်အတွက် သမိုင်းဝင်ခြေလှမ်းတစ်ရပ်ဟုဆိုရပါမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားချက်အရ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၆ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့ပြီး နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကို ကမ္ဘာ့အလယ်တွင် မြှင့်တင်စွမ်းဆောင်ပေးနိုင်ခဲ့၍ ဖြစ်သည်။

**နိုင်ငံပေါင်း ၂၆ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ တက်ရောက်ခဲ့**

နိုင်ငံတော်အကြီးအကဲသည် အလုပ်သဘောခရီးစဉ်အတွင်း သမိုင်းဝင်အစည်းအဝေးနှင့် သမိုင်းဝင်အခမ်းအနားများဟုဆိုရမည့် နိုင်ငံပေါင်း ၂၆ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ခေါင်းဆောင်များ တက်ရောက်ခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (SCO Summit 2025 Plus )နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတို့သို့ တက်ရောက်ခဲ့သည်။

SCO ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲသည် SCO ၏ ဆွေးနွေးဖက်နိုင်ငံဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စား ပါဝင်တက်ရောက်ဆွေးနွေးခဲ့ပြီး ပထဝီနိုင်ငံရေးအရ မြန်မာနိုင်ငံ၏ အချက်အချာကျကျတည်ရှိမှု၊ ရာသီဥတု ကောင်းမွန်မျှတမှုရှိသည့်အတွက် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် စိုက်ပျိုးမွေးမြူရေးအခြေခံ စက်မှုဖွံ့ဖြိုးတိုးတက်မှုဆီကို ဦးတည်ဆောင်ရွက်နိုင်မည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းကောင်းများနှင့် SCO ၏ မူဘောင်များအောက်မှ ပါဝင်ကာ ဒေသလုံခြုံရေးနှင့် ခေတ်မီနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားလိုသည်များကို ဆွေးနွေးပြောကြားခဲ့ရုံမက မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လာနိုင်ရေးအတွက် ထောက်ခံပေးနိုင်ရန် တရားဝင်အဆိုပြုဆွေးနွေးပြောကြားခဲ့သည်။

ထို့အတူ နိုင်ငံတော်အကြီးအကဲသည် အလုပ်သဘောခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံသမ္မတတို့နှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး SCO အစည်းအဝေးတက်ရောက်ရာတွင် မလေးရှားနိုင်ငံဝန်ကြီးချုပ်အပါအဝင် အခြားနိုင်ငံ့ခေါင်းဆောင်များနှင့်လည်း အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာ နိုင်ငံရေးအရလည်းကောင်း၊ နိုင်ငံတကာရေးအရလည်းကောင်း အသိအမှတ်ပြုမှုများ၊ မိမိတို့နိုင်ငံတွင် ကျင်းပတော့မည့် ရွေးကောက်ပွဲအပေါ် အသိအမှတ်ပြု ထောက်ခံအားပေးမှုများကိုရရှိခဲ့ရာ နိုင်ငံအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းရရှိစေခဲ့သည်။

**ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့**

**"အိမ်နီးနားချင်းများဟာ ရပ်ဝေးက ဆွေမျိုးသားချင်းများထက် အားကိုးရတယ်"**ဟူသည့် တရုတ်ဆိုရိုးစကားနှင့်အညီ နိုင်ငံတော်အကြီးအကဲနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping တို့၏တွေ့ဆုံဆွေးနွေးမှုသည် ရှိရင်းစွဲ တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၊ နှစ်နိုင်ငံ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေး၊ တရုတ်-မြန်မာနှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ရုံမက မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံ၏အပြုသဘောဆောင်သော ရပ်တည်ချက်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ဆောက်မှုများအပေါ် ထောက်ခံအားပေးမှုနှင့်အတူ နိုင်ငံတကာမျက်နှာစာ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတို့၌ မြန်မာနိုင်ငံအနေဖြင့် သိက္ခာမြင့်မားစွာ ရပ်တည်နိုင်ရေး၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး၌ ပြည်ပမှဝင်ရောက်စွက်ဖက်မှုကိုဆန့်ကျင်မှု စသည့်ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့သည်။

ထို့အတူ နိုင်ငံတော်အကြီးအကဲသည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi နှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ကုန်သွယ်ရေးကဏ္ဍမြှင့်တင်ရေး၊ နှစ်နိုင်ငံအစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအပြင် မြန်မာနိုင်ငံ၌ ကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အိန္ဒိယနိုင်ငံက ထောက်ခံအားပေးလျက်ရှိမှုနှင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ စေလွှတ်ပေးသွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအား SCO အဖွဲ့ဝင်ဖြစ်စေရေး အိန္ဒိယနိုင်ငံက ထောက်ခံအားပေးလျက်ရှိမှုအခြေအနေများနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အလားတူ နိုင်ငံတော်အကြီးအကဲသည် အခြားနိုင်ငံ့ခေါင်းဆောင်များနှင့် တွေ့ဆုံရာတွင်လည်း နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၌ လာမည့်ဒီဇင်ဘာလတွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြုလုပ်မည့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံအပေါ် အပြည့်အဝရပ်တည်ထောက်ခံမှုများကို ရယူစွမ်းဆောင်နိုင်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲသည် အလုပ်သဘောခရီးစဉ်အတွင်း နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မနားမနေ ကြိုးပမ်းဆောင်ရွက်ခဲ့ပြန်ပါသည်။

နိုင်ငံတော်အကြီးအကဲသည် ဟေလုံကျန်းပြည်နယ်နှင့် စီချွမ်ပြည်နယ်တို့သို့ရောက်ရှိစဉ်အတွင်း ယင်းပြည်နယ်များ၌ ခေတ်မီဒစ်ဂျစ်တယ်နည်းပညာများ၊ AI စနစ်များဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများကို လေ့လာခဲ့သည်။

ထို့အတူ နိုင်ငံတော်အကြီးအကဲသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်းမြို့နှင့် စီချွမ်ပြည်နယ် ချန်ဒူးမြို့တို့၌ကျင်းပသည့် **"မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတွေ့ဆုံပွဲ"**တွင် တက်ရောက်လာကြသည့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလိုသည့်ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များအား မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအားသာချက်များနှင့်အတူ စီးပွားရေးအရ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ရောင်းဝယ်ဖောက်ကားမှုများနှင့် ဆောင်ရွက်ရရှိနိုင်မည့် စီးပွားရေးအခွင့်အလမ်းများနှင့်စပ်လျဉ်း၍

*စာမျက်နှာ ၇ သို့*

> ❝ SCO ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲသည် SCO ၏ ဆွေးနွေးဖက်နိုင်ငံဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စား ပါဝင်တက်ရောက်ဆွေးနွေးခဲ့ပြီး ပထဝီနိုင်ငံရေးအရ မြန်မာနိုင်ငံ၏ အချက်အချာကျကျတည်ရှိမှု၊ ရာသီဥတုကောင်းမွန်မျှတမှုရှိသည့်အတွက် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် စိုက်ပျိုးမွေးမြူရေး အခြေခံစက်မှုဖွံ့ဖြိုးတိုးတက်မှုဆီကို ဦးတည်ဆောင်ရွက်နိုင်မည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းကောင်းများနှင့် SCO ၏ မူဘောင်များအောက်မှပါဝင်ကာ ဒေသလုံခြုံရေးနှင့် ခေတ်မီနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားလိုသည်များကို ဆွေးနွေးပြောကြားခဲ့ ❞

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

၉၇

ရက်

သာ လိုတော့သည်။

## ရွေးကောက်ပွဲကြီး နီးလာပြီ

* ဒီမိုကရေစီ ခရီးလမ်း
လျှောက်လှမ်းစို့ တူပျော်ပျော်။
ဒီမိုကရေစီ ပန်းတိုင်ကြီး
နီးပြီကွဲ့နော်။
အဆင့်အတန်းမြင့်စေဖို့
အခွင့်အလမ်းဖွင့် ပုံဖော်
နိုင်ငံတော် ရှေ့ရေး။
စည်ဖြိုးအောင်လို့
ပြည်ကျိုးဆောင် ကိုယ်စားလှယ်များကို
အားပြုစို့လေး။
* ပြည်ကျိုးဆောင် ကိုယ်စားလှယ်များက
နိုင်ငံ့အား နိုင်ငံ့ရတနာ။
နိုင်ငံ့ဂုဏ် ဆောင်ဖော်ညွှန်းလို့
မော်ကွန်းတင်မှာ။
ပုဂ္ဂိုလ်စွဲ အလိုမလိုက်ပါ
ကိုယ်ကြိုက်ရာ ရွေးချယ်ရေး။
ကိုယ်စားလှယ် ရွေးကောက်ပွဲကို
နွဲကြစို့လေး။
* ဒီမိုကရေစီ အနှစ်သာရ
ပြည့်ဝဖို့ ဆိုရာတွင်။
လွှတ်တော်ဝင် ကိုယ်စားလှယ်ရွေးလို့
မဲပေးဖို့ပင်။
နိုင်ငံအနှံ့ တစ်ခွင်တစ်ပြင်
ပါဝင်ကြ တစ်ခဲနက်။
ဒီမိုကရေစီ အခြေခံကောင်းအောင်
ပူးပေါင်းဆောင်ရွက်။
* ဒီမိုကရေစီ အစိုးရ
ပြည်သူက ရွေးချယ်ကာ။
ဒီမိုကရေစီ နန်းပေါ်ရောက်အောင်
တင်မြှောက်ရမှာ။
လွှတ်တော်အသီးသီး ဖွဲ့စည်းရာ
ပါဝင်ဖို့ တာဝန်ပေး။
အဆုံးအဖြတ်ပိုင်နိုင်တဲ့
သုံးရပ်မဏ္ဍိုင် ခိုင်သန်ရေးကို
ရွေးရှုစို့လေး။ ။

ရေနံ့သာမောင်ကျော်ညွန့်

## မချမ်းဘောမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးခြင်းများ ဆောင်ရွက်



**ပူတာအို စက်တင်ဘာ ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်ဇော်သည် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးမျိုးမင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ထရန်ဒမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျေးရွာအုပ်စုများရှိ မဲဆန္ဒရှင်ပြည်သူများနှင့်လည်းကောင်း၊ မချမ်းဘောမြို့ ဂူဘားခန်းမ၌ မချမ်းဘောမြို့နယ်ရှိ မဲဆန္ဒရှင်ပြည်သူများနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံပြီး လာမည့် ဒီဇင်ဘာလတွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် စတင်အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးပုံ၊ မဲပေးနည်းများကို ရှင်းလင်းပြောကြားပြီး မဲပေးစက်အသုံးပြုကာ လက်တွေ့သရုပ်ပြမဲပေးနေမှုကို ကြည့်ရှုအားပေး၍ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် မချမ်းဘောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ မချမ်းဘောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး မဲစာရင်းတိကျမှန်ကန်ရေးနှင့် ဒီဇင်ဘာလတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ညနေပိုင်းတွင် ပူတာအိုခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ပြည်နယ်ရွေးကောက်ပွဲအရာရှိနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က မဲပေးစက်နှင့် အခြားမဲရုံသုံးပစ္စည်းများ သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

*စာမျက်နှာ ၆ မှ*

ရှင်းနီးပွင့်လင်းစွာပြောကြားခဲ့ပြီး အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများကလည်း ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြားခဲ့ကြသည်။

တရုတ်ကုန်သည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များကလည်း စိတ်ဝင်တစား ပါဝင်ဆွေးနွေးပြောကြားခဲ့မှုများ၊ လာရောက်တွေ့ဆုံတက်ရောက်မှုများရှိခဲ့၍ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းနှင့် ရလဒ်ကောင်းများကို ပိုမိုရရှိဖြစ်ထွန်းစေခဲ့သည်။

အချုပ်အားဖြင့်ဆိုရသော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၆ ရက်အထိ သွားရောက်ခဲ့သည့် အလုပ်သဘောခရီးစဉ်သည် နိုင်ငံတော်၏ နိုင်ငံရေးနှင့် နိုင်ငံတကာဆက်ဆံရေး၊ စီးပွားရေး၊ ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေး စသည်ဖြင့် ဘက်စုံ၊ ကဏ္ဍစုံ အကျိုးဖြစ်ထွန်းစေခဲ့သည်ဟု ဆိုရပေမည်။

နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင်ကလည်း ချန်ဒူးမြို့၌ တရုတ်နိုင်ငံသတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ရာတွင် **"ကျွန်တော် တရုတ်နိုင်ငံကိုလာတာ (၁၂) ကြိမ်မြောက်ခရီးစဉ်ဖြစ်ပါတယ်။ ဒီ (၁၂)ကြိမ်မြောက်ခရီးစဉ်မှာ ဒီခရီးစဉ်က အအောင်မြင်ဆုံးခရီးစဉ်တစ်ခုလို့ ကျွန်တော်ပြောလိုပါတယ်"**ဟု ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် အလုပ်သဘောခရီးစဉ်အတွင်း အောင်မြင်မှုများကို ဂုဏ်ပြုအသိအမှတ်ပြုသည့်အနေဖြင့် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံသားတရုတ်နွယ်ဖွားပြည်သူများ၊ တရုတ်ရိုးရာနဂါးနှင့်ခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များ၊ ဘာသာပေါင်းစုံအသင်းအဖွဲ့များ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများက နေပြည်တော်တပ်မတော်လေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့ကြသည်။

ကျွန်တော်သည် ဤသို့လျှင် နိုင်ငံတော်အကြီးအကဲ၏ သမိုင်းဝင်ခြေလှမ်းများကို နိုင်ငံပိုင်မီဒီယာ၊ သတင်းစာများမှတစ်ဆင့် တွေ့မြင်ခဲ့ရပေသည်။ သမိုင်းမှတ်တမ်းတစ်ရပ်အဖြစ်လည်း သိမ်းဆည်းမှတ်တမ်းတင်မိပေသည်။ ။

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၁**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မန္တလေးတက္ကသိုလ် ဥပမိရုပ်ကောင်းမွန်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် နေရာများ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုနှင့် ပြခန်းများ ခင်းကျင်းပြသရန် စီစဉ်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။ **(အောက်ပုံ)**

**အကြံပြုဆွေးနွေး**

ထို့နောက် အစည်းအဝေးခန်းမ၌ အခမ်းအနားကျင်းပရေးကော်မတီများနှင့် တွေ့ဆုံပြီး မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အထိမ်းအမှတ် သီချင်းတင်ဆက်မှု၊ အကအလှများဖြင့် ဖျော်ဖြေမှု၊ မန္တလေးတက္ကသိုလ်သမိုင်းမော်ကွန်း ဗီဒီယိုတည်းဖြတ်မှုဆိုင်ရာများကို အကြံပြုဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# တပ်ကုန်းမြို့နယ်၌ ဂုဏဝိသိဋ္ဌပူဇာသဘင်အခမ်းအနား ကျင်းပ

**တပ်ကုန်း စက်တင်ဘာ ၂၁**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ဂုဏဝိသိဋ္ဌပူဇာနှင့် (၄၅)ကြိမ်မြောက် မဟာ/စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်အောင်ဆန်းခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မြို့နယ်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တစန္ဒသိရီက သာရဏီယ သြဝါဒကထာမြွက်ကြားခြင်း၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးနှင့် သီလရှင်ဆရာကြီးတစ်ပါးတို့၏ ကိုယ်ရေးထေရုပ္ပတ္တိများအား ဆရာတော်များနှင့် တာဝန်ရှိသူတို့က အသီးသီးဖတ်ကြားပူဇော်ခဲ့ပြီး အနော်ရထာရပ်ကွက် မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ပဓာန နာယက သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တစန္ဒသိရီထံမှ ငါးပါးသီလခံယူပြီး ဆရာတော်၊ သံဃာတော်များက ဘဝတုမင်္ဂလာ(၃)ဂါထာနှင့်သဗ္ဗတိယော(၂)ဂါထာ ရွတ်ပွားချီးမြှင့်ခဲ့ပြီး နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက သာသနာရေးဆိုင်ရာများ လျှောက်တင်ခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့ပေါ်ခြောက်ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဥပတ္ထမ္ဘကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒါယကာ၊ ဒါယိကာမများက သြဝါဒါစရိယဆရာတော်များ၊ ဘွဲ့ရဆရာတော်များနှင့် သီလရှင်ဆရာကြီး၊ ဓမ္မာစရိယနှင့် ပါဠိပထမပြန် စာအောင်သံဃာတော်များ၊ စာမေးပွဲကြီးကြပ်ရေးဆရာတော်များအား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ၊ စာအောင်ဆုငွေများ ဆက်ကပ်လှူဒါန်းပြီး ဆရာစံရပ်ကွက် ဘုရားနီကျောင်းတိုက် နေပြည်တော် တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသီရိ ဆရာတော်က လှူဒါန်းမှုအစုစုတို့အား ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ကျင်းပခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၁**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ပြင်ဦးလွင်မြို့နယ်၌ ပညာရောင်ခြည်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

**ပြင်ဦးလွင် စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျွဲနွားထောက်ကျေးရွာ၌ ပညာရောင်ခြည်စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဦးစွာ ပညာရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်ကို ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်၊ မြို့နယ် မြို့မိမြို့ဖဥက္ကဋ္ဌ ဦးအောင်မြင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဌေးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး (ဝဲပုံ) ပညာရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။



ဆက်လက်ပြီး တာဝန်ရှိသူများက ပညာရောင်ခြည်စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူးက လက်ခံယူပြီး စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များ ထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု တောင်ကြီး ရွှေဘုန်းပွင့်ဘုရား၌ သန့်ရှင်းရေးပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၁**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ကျော်ကျော်ဟန် ဦးဆောင်သော တပ်ဖွဲ့ဝင်အင်အား ၂၁၄ ဦး၊ စာရေးဝန်ထမ်းသုံးဦးနှင့် မိသားစုဝင် ၄၀ စုစုပေါင်း ၂၅၇ ဦးတို့က ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရား၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြသည်။ ထို့နောက် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် ဇနီးတို့က ကော်ဖီ၊ ကောက်ညှင်းပေါင်း၊ အကြော်၊ ရေသန့်ဘူးတို့ဖြင့် ကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျိုက်ထီးရိုးဘုရားတောင်တက် မော်တော်ယာဉ်များ ကြံ့ခိုင်မှုရှိ၊ မရှိစစ်ဆေး

**ကျိုက်ထို စက်တင်ဘာ ၂၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားပွဲတော်ဖွင့်ပွဲကို သီတင်းကျွတ်လပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ကျိုက်ထီးရိုးဘုရားသို့ ပို့ဆောင်ပေးမည့် တောင်တက်မော်တော်ယာဉ်များ ကြံ့ခိုင်မှု ရှိ၊ မရှိ စစ်ဆေးမှုကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ဘုရားသုံးဆူထိုင်တော်မူဘုရားတောင်ခြေ၌ ပြုလုပ်သည်။ **(ယာပုံ)**

ယင်းသို့ပြုလုပ်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ တောင်တက်မော်တော်ယာဉ်အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အဖွဲ့ဝင်များက တွေ့ဆုံညှိနှိုင်းပြီး ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်ချမ်းသာစွာ ဖူးမြော်နိုင်ရန် စစ်ဆေးဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါယာဉ်ကြံ့ခိုင်မှုစစ်ဆေးခြင်းကို သထုံခရိုင် ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ စိစစ်ရေးမှူး ဦးဟန်ဝင်းထွဋ်၊ ကျိုက်ထိုမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်ထွန်းလွင်ဦးတို့က တောင်တက်မော်တော်ယာဉ် ၁၅၂ စီးကို စတီယာတိုင်၊ အင်ဂျင်ပါဝါ၊ တာယာ၊ ရှေ့မီး၊ နောက်မီး၊ ဘရိတ်မီး၊ မော်တော်ယာဉ်ကြမ်းခင်း၊ ခရီးသည်များ သက်သောင့်သက်သာထိုင်စီးနိုင်ရန် ထိုင်ခုံများကို အသေးစိတ်စစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**



# ပြင်ဦးလွင်မြို့နယ်အတွင်း ရေဖူလုံစွာရရှိရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ၊ ပိုးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာန၏ ပိုးစာပင်စိုက်ပျိုးခြင်းသုတေသန၊ ပိုးမွေးမြူခြင်းသုတေသနနှင့် ပိုးရောဂါစစ်ဆေးခြင်း၊ ပိုးမျိုးများ မွေးမြူမျိုးထိန်းခြင်းနှင့် သုတေသနလုပ်ငန်းများ၊ တောင်သူများထံသို့ မျိုးပိုးဥများ ထုတ်လုပ်ဖြန့်ဖြူးရန် မွေးမြူနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သုတေသနဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် နိုင်ငံတော်အကြီးအကဲ၏ **“ပြင်ဦးလွင်ဒေသ ရေဖူလုံစွာရရှိစေရေး”** လမ်းညွှန်ချက်ဖြင့် ဆင်လမ်းရေလှောင်တမံ ရေပိုလွှဲ နှစ်ပေ မြှင့်တင်ခြင်းနှင့် စည်သာရေလှောင်တမံ ရေပိုလွှဲသုံးပေ မြှင့်တင်ခြင်းလုပ်ငန်းများ၊ စည်သာ ရေကူရေလှောင်တမံကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေပိုလွှဲရေတံခါးကို လိုအပ်သောစစ်ဆေးမှုများ စနစ်တကျဆောင်ရွက်ရန်၊ ဆောင်ရွက်ဆဲလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ ရာနှုန်းပြည့်ပြီးစီးရေး၊ တမံနှင့် ရေပိုလွှဲကြံ့ခိုင်မှု ကောင်းမွန်စေရန် ပုံမှန်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများအတိုင်း အလေးထားဆောင်ရွက်ရန်၊ ရေပိုလွှဲအဝင်ရေလမ်းကြောင်း လိုင်နင်လုပ်ငန်းများ လျာထားဆောင်ရွက်ရန်၊ စိုက်ပျိုးထားသော အပင်များ ရှင်သန်စေရေးအတွက် နွေရာသီတွင် ရေရရှိရေး စီမံဆောင်ရွက်ကြရန်၊ တမံ ရေပိုလွှဲနှင့် ဆက်စပ်ရေအားအဆောက်အအုံများ၏ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး စီမံဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဆင်လမ်း ရေလှောင်တမံ ရေပိုလွှဲနှစ်ပေ မြှင့်တင်ခြင်းဖြင့် မူလသိုလှောင်ပမာဏအထက် ရေ ၄၁၂ ကေပေ ရေဂါလန် ၁၁၂ သန်းခန့် ပိုမိုသိုလှောင်နိုင်မည်ဖြစ်သကဲ့သို့ စည်သာရေလှောင်တမံ ရေပိုလွှဲသုံးပေ မြှင့်တင်ခြင်းဖြင့် ယခင်ကန်ရေပြည့် သိုလှောင်နိုင်သည့် ပမာဏအထက် ရေ ၂၆၇ ဧကပေ ရေဂါလန် ၇၂ သန်းခန့် ပိုမိုသိုလှောင်နိုင်မည်ဖြစ်၍ ပြင်ဦးလွင်မြို့နယ် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ကာလတိုအတွင်း လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်သည့်(Quick Win) လုပ်ငန်းများ ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ကျောက်ဆည်မြို့ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ (အင်းကုန်း) သို့ရောက်ရှိပြီး အင်ဂျင်ပါဝါသုံး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်များဖြစ်သည့် မြန်မာနိုင်ငံ တောင်သူလယ်သမားများ ကြိုက်နှစ်သက်သော တန်းကြား ၂၃ စင်တီမီတာနှင့် နိုင်ငံတကာစံနှုန်း သတ်မှတ်ထားသည့် တန်းကြား ၃၀ စင်တီမီတာ နှစ်မျိုး စမ်းသပ်ထုတ်လုပ်နေမှု၊ အဆိုပါကောက်စိုက်စက်တွင် အသုံးပြုထားသော ကောက်ပင်စိုက်သည့် Picker စနစ်ကို ပိုမိုကောင်းမွန်စေရန် ဒီဇိုင်းပိုင်း ပြုပြင်ပြောင်းလဲစမ်းသပ်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက ထုတ်လုပ်ပြီးစီးသည့် တန်းကြား ၂၃ စင်တီမီတာ လက်ဆွဲကောက်စိုက်စက်အတွက် နည်းပညာပိုင်းဆိုင်ရာ ဒီဇိုင်းပုံထုတ်လုပ်ခြင်းကို တပ်မတော်အကြီးစားစက်ရုံ (ဆင်တဲ)နှင့် မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း) တို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှုကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၂၁**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အကြားအလပ်မရှိ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ဆင်သေ-နန်ဖာ အမာခံ မြေသားလမ်း ၁၉ မိုင်အနက် အတက်အဆင်း မတ်စောက်သည့် ငါးဖာလုံအား ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ဒေသခံကျေးရွာ ခြောက်ရွာမှ ဒေသခံပြည်သူ ၄၂၆၁ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၄၁၇၃ ဒသမ ၂၆၁ သန်းဖြင့် လမ်းတာချဲ့ခြင်း ၁၀ မိုင်၊ မြေသားလမ်း ရှစ်မိုင်၊ အမာခံလမ်းရှစ်မိုင်၊ ကျောက်လမ်း နှစ်မိုင်၊ ကွန်ကရစ်လမ်း ငါးဖာလုံ၊ ကွန်ကရစ်တံတားတစ်စင်း၊ Box Culvert ၂၇ စင်း၊ ကျောက်တောင်မိုင်းခွဲခြင်း သုံးဖာလုံ၊ စက်ရေတွင်း တစ်တွင်း၊ အုတ်ခြံစည်းရိုးကာရံခြင်း ၁၈၆၃ ပေ၊ သာသနာရေး အဆောက်အအုံ တစ်ခု၊ သဘာဝဘေးကြောင့် မြေပြိုမှုဖယ်ရှားခြင်း လုပ်ငန်းသုံးခုတို့အား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကလောခရိုင်အတွင်းရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

**ကလော စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင်အတွင်းရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆု ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ ရက်က ကလောမြို့ မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

ဦးစွာ ကလောမြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက ဘက်စုံပညာကိုရည်တို့လှမ်းချီသီချင်းဖြင့် အခမ်းအနားစတင်ဖွင့်လှစ်ပြီး ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်တို့က ဂုဏ်ပြုအမှာစကား ပြောကြားသည်။



ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကလောခရိုင်အတွင်းရှိ ထူးချွန်စွာအောင်မြင်ခဲ့သော ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၆ ဘာသာဂုဏ်ထူးရှင်သုံးဦး၊ ၅ ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ ၃ဘာသာဂုဏ်ထူးရှင် ၂၀၊ ၂ ဘာသာဂုဏ်ထူးရှင် ၆၇ ဦး၊ ၁ ဘာသာဂုဏ်ထူးရှင် ၁၁၀ စုစုပေါင်း ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၂၁၄ ဦးအား ၁ ဘာသာလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၉၂၅၀၀၀၀ ကျပ်ကို ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ကလောခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နောင်ချိုမြို့နယ်၌ တောင်သူများအား မျိုးစေ့နှင့် ဓာတ်မြေသြဇာများ ပေးအပ်

**နောင်ချို စက်တင်ဘာ ၂၁**

နောင်ချိုမြို့နယ်၌ ဆောင်းသီးနှံ(နေကြာ) မျိုးစေ့ထုတ်လုပ်ငန်းနှင့် စံပြကွက်စိုက်ပျိုးမည့်တောင်သူများအား မျိုးစေ့နှင့် ဓာတ်မြေသြဇာများ ပေးအပ်ခြင်းကို စက်တင်ဘာ ၂၀ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပရာ ကျောက်မဲခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းဝင်းစိုးက နေကြာစိုက်ပျိုးမည့်တောင်သူများနှင့် နေကြာစိုက်ပျိုးနည်းများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဓာတ်မြေသြဇာပုလဲ ၁၅ အိတ်၊ သဘာဝဓာတ်မြေသြဇာ အိတ် ၃၀၊ ကွန်ပေါင်းဓာတ်မြေသြဇာ ၁၅ အိတ်၊ နေကြာမျိုးစေ့ ၁၅ အိတ်ကို နေကြာစိုက် တောင်သူများထံ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

**နေပြည်တော် စက်တင်ဘာ ၂၁** - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

# ပြည်ထောင်စု အိမ်ခြံမြေပွဲတော်ဆီသို့ . . .

လူဟန် (အိမ်ခြံမြေ)

**ကျွန်တော်တို့ နိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီမှ မြန်မာမင်းများ တည်ဆောက်အစပြုခဲ့သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ တိုင်းရင်းသား လူမျိုး ၁၃၅ မျိုး အေးအတူ ပူအမျှ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာ ရှေးပဝေသဏီကတည်းက အတူတကွ နေထိုင်ခဲ့ကြသော နိုင်ငံလည်း ဖြစ်ပါသည်။ တိုင်းရင်းသား တစ်ဦးနှင့်တစ်ဦး ယုံကြည်စွာ ကူးလူးဆက်ဆံခြင်း၊ လူမျိုးစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ မထားရှိဘဲ ငြိမ်းချမ်းစွာ အတူတကွနေထိုင်ခြင်း၊ ချစ်စရာကောင်းသည့် အမူအကျင့်များဖြင့် ပေါင်းစည်းခြင်း စသည်ဖြင့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံ၍ ဥမကွဲသိုက်မပျက် တင့်တယ်စွာ နေထိုင်လျက်ရှိပါသည်။**

ထိုသို့သော အခြေအနေတွင် မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း (MRESA) သည် ၂၀၁၂ ခုနှစ် ဇွန်လ ၂၈ ရက်က စတင်သန္ဓေတည်၍ ပြည်ထောင်စု တိုင်းရင်းသားများ စိတ်တူကိုယ်တူ ပေါင်းစည်းပြီး အတူလက်တွဲ ဆောင်ရွက်နေသော အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။ ယခုဆိုလျှင် ၁၃ နှစ်ကြာပြီ ဖြစ်သော NGO အဖွဲ့အစည်းတစ်ခုအဖြစ် တည်ရှိနေပါသည်။

နှစ်စဉ် တစ်နှစ်တစ်ခါ ကျင်းပသော အထွေထွေ ညီလာခံ (2025-AGM) ကို ဥက္ကဋ္ဌ ဒေါ်မို့မို့အောင် ဦးဆောင်သော မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု အသင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် ပူးပေါင်းပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၇ ရက်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ Novotel Yangon Max Hotel ၌ ကျင်းပသွားမည် ဖြစ်ပါသည်။ ညီလာခံသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုး ပေါင်းစုံ အသင်းသား အသင်းသူ ၁၀၀၀ ခန့် တက်ရောက်မည် ကြောင်း သိရပါသည်။

### ပြခန်းများ ဖွင့်လှစ်ပြသမည်

အဆိုပါညီလာခံတွင် ပြည်တွင်းဆောက်လုပ်ရေး လုပ်ငန်းရှင်များ ဆောက်လုပ်ထားသော အိမ်ရာများ၊ ကွန်ဒိုများ၊ တိုက်ခန်းများ၊ အာမခံလုပ်ငန်းများကို ပြခန်းများ ဖွင့်လှစ်ပြသမည်ဖြစ်ပါသည်။

ထိုညီလာခံသို့ ပြင်သစ်နိုင်ငံ၌ အခြေစိုက်ထားသည့် ကမ္ဘာ့အိမ်ခြံမြေအဖွဲ့ (FIABCI) အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ Asia Pacific Convention မှ တာဝန်ရှိသူများ၊ အရှေ့တောင်အာရှ အိမ်ခြံမြေ (အာဆီယံ) မှ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကာ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ အထွေထွေညီလာခံ (2025-AGM) သို့ တက်ရောက်အားပေးမည်ဖြစ်ပါသည်။

### စတင်ဖွဲ့စည်းခဲ့

၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၈ ရက်မှ ၂၉ ရက်နေ့အထိ စင်ကာပူနိုင်ငံ One People Singapore ခန်းမ၌ ကျင်းပသော Asia Pacific Convention Programme Timetable သို့ စင်ကာပူနိုင်ငံ Real Network Conter ဥက္ကဋ္ဌ စင်ကာပူနိုင်ငံ FIABCI ဥက္ကဋ္ဌ Mr. Clayton ၏ ဖိတ်ကြားမှုဖြင့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း ဥက္ကဋ္ဌ ဒေါ်မို့မို့အောင်၊ ကရင်ပြည်နယ်အသင်းဥက္ကဋ္ဌ ဒေါ်ဆုခက်ခက်လင်း၊ နေပြည်တော်အသင်း ဒုတိယ ဥက္ကဋ္ဌ ဦးဝင်းဇော်ဦး၊ ဗဟိုအလုပ်အမှုဆောင် ဦးနန္ဒဟိန်း ဦးဆောင်ပါဝင်သော အသင်းသား အသင်းသူများ ၃၄ ဦး ပါဝင်တက်ရောက်ခဲ့ပြီး Asia Pacific Convention ကို Singapore နှင့် Myanmar က Founder နိုင်ငံများအနေဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။

ထိုအခမ်းအနားတွင် Asia Pacific နိုင်ငံ ၁၂ နိုင်ငံမှ ဧည့်သည်တော် စုစုပေါင်း ၁၁၀ ခန့် တက်ရောက်ခဲ့ပါသည်။ ၂၀၂၆ ခုနှစ်တွင် မြန်မာက အိမ်ရှင်နိုင်ငံအဖြစ် ရန်ကုန်မြို့၌ လက်ခံကျင်းပရန်နှင့် ၂၀၂၇ ခုနှစ်တွင် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပရန် သဘောတူခဲ့ကြပါသည်။ တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့က မိတ်ဖက်အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်ထားပါသည်။ ၂၀၂၆ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပရန်အတွက် အလံတော် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

လူသားတစ်ဦးဖြစ်လာခဲ့လျှင် မွေးစက ဗလာနတ္ထိဖြင့် မွေးဖွားလာသော်လည်း လောကကြီးတွင် လူတစ်ယောက်၏ “စားဝတ်နေရေး” ဆိုသည့် အရေးသုံးပါးကို မဖြစ်မနေ ရင်ဆိုင်ကြရမည်ဖြစ်ပါသည်။ အဆိုပါလောကသုံးပါးထဲမှ “နေရေး”ဆိုသည့် လောကတစ်ပါးနှင့် မည်သူမဆို ရင်ဆိုင်ရမည်ဖြစ်ပါသည်။ အရွယ်ရောက်လာ၍ အိမ်ထောင်ပြုသည်နှင့် ကိုယ့်အိုးကိုယ့်အိမ် ထူထောင်ကြရမည် ဖြစ်ပါသည်။ ထိုအခါ တိုက်ခန်း(သို့) အိမ်ရာတစ်ခုကို ငှားရမ်းခြင်း၊ ဝယ်ယူခြင်းကို မလွဲမသွေ ရင်ဆိုင်ရမည် ဖြစ်ပါသည်။

> **“အရွယ်ရောက်လာ၍ အိမ်ထောင်ပြုသည်နှင့် ကိုယ့်အိုးကိုယ့်အိမ် ထူထောင်ကြရမည် ဖြစ်ပါသည်။ ထိုအခါ တိုက်ခန်း (သို့) အိမ်ရာတစ်ခုကို ငှားရမ်းခြင်း၊ ဝယ်ယူခြင်းကို မလွဲမသွေ ရင်ဆိုင်ရမည်ဖြစ်ပါသည်”**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းသည် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ကြီးကြပ်မှုအောက်တွင် ပူးပေါင်းကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများက မြေရာအုပ်ချုပ်ရေးသမိုင်းများ၊ အသုံးချမြေရာဥပဒေများ၊ မြေအမျိုးအစားများ၊ မြို့များနှင့် ကျေးရွာမြေများ စီမံခန့်ခွဲမှုဆိုင်ရာများ၊ ခရိုင်ကော်လိတ္တော်အရာရှိတာဝန်များ စသော ကျယ်ပြန့်သည့် မြေရာကိစ္စများ ရှင်းလင်းခြင်း၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးများတွင် ကြီးကြပ်ရေးအာဏာပိုင်များ ဖွဲ့စည်းထားရှိခြင်း၊ အိမ်ခြံမြေအကျိုးဆောင်အဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်လျှောက်ထားရေး ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များကလည်း ငွေကြေးခဝါချ တိုက်ဖျက်ရေးကိစ္စရပ်များ(AML/CFT) ကို လည်းကောင်း၊ ဥပဒေပညာရှင်များက အိမ်ခြံမြေရောင်းဝယ်ငှား လိုက်နာကျင့်သုံးရမည့် ဥပဒေ၊ နည်းဥပဒေများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက မြို့ပြအိမ်ရာဆိုင်ရာ လိုက်နာကျင့်သုံးရမည့်အချက်များ၊ တက္ကသိုလ်ပါမောက္ခ (အငြိမ်းစား) များ ပါဝင်သော ဆရာများက စိတ်ပိုင်းဆိုင်ရာ ပြုပြင်လိုက်နာရမည့်အချက်များ၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းမှ တာဝန်ရှိသူများက အိမ်ခြံမြေအသင်းသား အသင်းသူများ လိုက်နာရမည့် စည်းကမ်းများ၊ ကျင့်ဝတ်သိက္ခာများ၊ ရောင်းမှား ဝယ်မှားမရှိစေရန် စိစစ်စစ်ဆေးရမည့် အချက်များ၊ အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်းကောင်း သင်တန်းကာလ နှစ်ရက်တာ ကာလအတွင်း သင်ကြားမည့် ၂၄ နာရီအား အချိန်ကာလပိုင်းခြား၍ ပြည်သူများ အိမ်ခြံမြေ အသိပညာပေးခြင်းများကို လစဉ်ပို့ချပေးလျက်ရှိပါသည်။

ယခုဆိုလျှင် တစ်နိုင်ငံလုံးအနေဖြင့် သင်တန်းသားပေါင်း တစ်သောင်းကျော် အပတ်စဉ်(၄၈/၂၀၂၅) အထိနှင့် နောက်ဆုံး သင်တန်းတက်ရောက်ခဲ့သည့် အသင်းသား နံပါတ် ၁၅၁၁၅ အထိ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

### အလွှာအသီးသီးမှ တက်ရောက်လေ့လာ

အိမ်ခြံမြေ အသိပညာပေးသင်တန်းသို့ နယ်ဘက်မှ အငြိမ်းစားအရာရှိကြီးများ၊ အငြိမ်းစားတပ်မတော် အရာရှိ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အရာရှိများ၊ အငြိမ်းစား တက္ကသိုလ်ပါမောက္ခများ၊ တိုင်းဥပဒေအရာရှိများ၊ အငြိမ်းစား အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ သင်္ဘော ကပ္ပတိန်များ၊ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ ဒါရိုက်တာ အဖွဲ့ဝင်များ၊ လူထုလူတန်းစားအလွှာအသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ တက်ရောက်လေ့လာကြပါသည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းက ကိုယ်ကျင့်တရား ကောင်းမွန်သော အိမ်ခြံမြေလုပ်ငန်းအတွေ့အကြုံရှိသည့် ဌာနဆိုင်ရာများ၊ အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များနှင့် စုစည်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ ကုန်သည် / စက်မှုအသင်းချုပ်နှင့် အပေါင်းလက္ခဏာဆောင်သော ပူးပေါင်းဆောင်ရွက်မှုနှင့် ၂၀၁၈ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအတိုင်း ယုံကြည်စွာ လိုက်နာ၍ ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

အိမ်ခြံမြေလုပ်ငန်းသည် လူတိုင်းနှင့် သက်ဆိုင်သော လုပ်ငန်းတစ်ခုဖြစ်ပြီး အချို့ဝန်ထမ်းများသည် အိမ်ခြံမြေလုပ်ငန်းကို မသိနားမလည်၍ မိမိ တစ်သက်တာ စုဆောင်းထားသော ငွေကြေးဖြင့် တစ်အိုးတစ်အိမ် ထူထောင်ရန် ဝယ်ယူသည့်အခါ ရောင်းမှားဝယ်မှားဖြစ်ပြီး ငွေကြေးဆုံးရှုံးမှုများ ကြုံတွေ့သည့်ဖြစ်စဉ်များကို စိတ်မကောင်းစွာ ကြားသိနေရပါသည်။

မြန်မာနိုင်ငံတွင် ကြီးပွားချမ်းသာသူ ၁၀၀ ကို စနစ်တကျစိစစ်၍ လေ့လာကြည့်ရှုပါက ချမ်းသာသော ပုဂ္ဂိုလ်များ၏ ၆၅ ရာခိုင်နှုန်းသည် မြေကြောင့် ကြီးပွားချမ်းသာကြောင်း တွေ့ရှိရပါသည်။ အိမ်ခြံမြေလုပ်ငန်းသည် လူတိုင်းစိတ်ဝင်စားသော လုပ်ငန်းဖြစ်ပါသည်။ စနစ်တကျစိစစ်၍ ဝယ်ယူရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။ မည်မျှအထိ အရေးပါသည်ဆိုသည်ကို ပြဆိုရမည်ဆိုလျှင် နိုင်ငံပိုင်သတင်းစာများတွင် အိမ်ခြံမြေလုပ်ငန်း ကြော်ငြာများစွာကို တွေ့မြင်ရမည် ဖြစ်ပါသည်။

ထို့ကြောင့် အိမ်ခြံမြေလုပ်ငန်းသည် လူတိုင်းနှင့် သက်ဆိုင်သလို လွန်စွာအရေးပါသော လုပ်ငန်းဖြစ်ပါသည်။ ပြည်သူများက မိမိပိုင်ဆိုင်သော ငွေကြေးပမာဏဖြင့် တစ်ပိုင်တစ်နိုင် မြေဝယ်ထားပါက ဆယ်စုနှစ်တစ်စုဆိုရင် တန်ဖိုးရှိလာသည်ကို တွေ့ရမည်ဖြစ်ပါသည်။

နိုင်ငံ၏ အချို့ဒေသများတွင် မငြိမ်မသက်ဖြစ်ပြီး ရပ်ရွာအေးချမ်းတည်ငြိမ်မှုကို ထိခိုက်လျက်ရှိသည်ကို တွေ့ကြရပါမည်။ ထိုဒေသရှိ ပြည်သူအချို့က ဒေသကို စွန့်ခွာပြီး အေးချမ်းသောဒေသသို့ ပြောင်းရွှေ့အခြေချလာသည်ကိုလည်း သတိပြုမိကြမည်ဖြစ်ပါသည်။ ထိုအခါ တည်ငြိမ်အေးချမ်းသော ဒေသများ၌ အိမ်ခြံမြေလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာပါသည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းက နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းပြီး မိမိတို့၏ ကျရာအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားလျက်ရှိပါသည်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ မြို့ရွာအိုးအိမ်များလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်လာလျှင် ဆောက်လုပ်ရေး၊ လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ ကန်ထရိုက်ဆောက်လုပ်သူများ၊ အိမ်ခြံမြေလုပ်ငန်းလုပ်ကိုင်သူများ ရင်းနှီးမြှုပ်နှံလာပြီး စီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

စီးပွားတိုးတက်လာသည်နှင့်အမျှ ၎င်းတို့နှင့် ဆက်နွယ်သော အုတ်သဲကျောက်လုပ်ငန်းလုပ်ကိုင်သူ၊ ဆောက်လုပ်ရေးပစ္စည်းနှင့် ဆက်စပ်သော လုပ်ငန်းလုပ်ကိုင်သူ၊ ဘိလပ်မြေ၊ သံမဏိလုပ်ငန်း၊ လျှပ်စစ်နှင့် စက်ပစ္စည်းလုပ်ငန်း၊ စက်ယန္တရားလုပ်ငန်း၊ စက်သုံးဆီ ရောင်းဝယ်သည့်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများက ဆက်စပ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်လာမည်

အလားတူ လုပ်ငန်းများကောင်းမွန်လာသည်နှင့်အမျှ ဘဏ်များတွင် ငွေသွင်းငွေထုတ် များပြားလာပြီး ငွေစီးဆင်းမှု မှန်ကန်လာသည်နှင့်အမျှ ငွေကြေးတည်ငြိမ်တန်ဖိုးရှိလာမည် ဖြစ်ပါသည်။ ထိုအခါ ပို့ကုန်လုပ်ငန်းများ၊ သွင်းကုန်လုပ်ငန်းများ မျှတလာပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းထားများသည်လည်း တည်ငြိမ်လာမည်ဖြစ်ပါသည်။

လူမှုစီးပွားများ ဖွံ့ဖြိုးတိုးတက်လာလျှင် နိုင်ငံတော်အတွင်း ပြည်သူများ စီးပွားရေးကောင်းမွန်လာကာ မြန်မာပြည်အနှံ့ လည်ပတ်ခရီးစဉ်များ ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ ထိုအခါ ဟိုတယ်လုပ်ငန်းသည်လည်း ပြန်လည်ကောင်းမွန်လာမည်ဖြစ်ပါသည်။ ထို့အတူ စားသောက်ဆိုင်လုပ်ငန်းများလည်း ပိုမိုကောင်းမွန်လာပြီး အခြေခံစားကုန်များဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက်လာမည် ဖြစ်ပါသည်။

“ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်” ဖြစ်ရာ စီးပွားရေးကောင်းလာလျှင် ပြည်သူများလည်း အလုပ်အကိုင် ပေါများလာမည်။ ဒုစရိုက်မှုခင်းများ ကျဆင်းလာမည်။ ပြည်သူများ စားဝတ်နေရေး ပြေလည်လာလျှင် စိတ်ဓာတ်များ လန်းဆန်းလာပြီး စိတ်ထားများ ကောင်းလာမည် ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီကြသည်နှင့်အမျှ မေတ္တာတရားတို့ ပိုမိုထွန်းကားမည်ဖြစ်ပါသည်။

ယခုကျင်းပမည့် ညီလာခံတွင် ခရသင်းမှုတ်၍ ဖွင့်ပွဲပြုလုပ်ပြီး အိုးစည်သူငယ်တော်အက၊ အာဆီယံ မြန်မာသီချင်း၊ ထာဝရမြန်မာသီချင်း၊ ယဉ်ကျေးမှုအက၊ နောင်အင်းလေး၊ ကိန္နရီကိန္နရာ၊ ရိုးရာယိမ်းအက စသည့်သီဆိုဖျော်ဖြေမှုများလည်း ပါဝင်မည်ဖြစ်ရာ အသင်းသား အသင်းသူများ တက်ရောက်ကြဖို့ ဖိတ်ခေါ်ရင်း ပြည်ထောင်စုအိမ်ခြံမြေပွဲတော်ဆီသို့ တက်ရောက်ကြပါစို့ဟု ရေးသားတင်ပြလိုက်ရပါသည်။ ။

# အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



ညောင်ရွှေ စက်တင်ဘာ ၂၁

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်း မှီတင်းနေထိုင်ကြသော အင်းသားတိုင်းရင်းသားတို့၏ တစ်မူထူးခြားသည့် ခြေထောက်နှင့်လှေလှော်ခြင်း ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်ကို ဖော်ထုတ်၍ ရေရှည်တည်တံ့ခိုင်မြဲစေရန်၊ တိုင်းရင်းသားတို့၏ ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှုနှင့် အားမာန်ကို ပြသရန်၊ အင်းလေးဒေသ၏ ခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်ရန်အတွက် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲကို ယခုနှစ် သီတင်းကျွတ် ဖောင်တော်ဦးဘုရားပွဲတော်ကာလအတွင်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားရုပ်ရှင်တော်မြတ်များသည် စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၉ ရက်အထိ အင်းလေးဒေသဝဲယာကို ဒေသစာရီကြွချီပူဇော်ခံမည်ဖြစ်ပြီး ဘုရားပွဲတော်ကာလအတွင်း အင်းသားတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထုတ်ဖော်ပြသသည့်အနေဖြင့် လှေလှော်ပြိုင်ပွဲကို ထည့်သွင်းကျင်းပရခြင်းဖြစ်သည်။

လှေလှော်ပြိုင်ပွဲတွင် အမျိုးသားရာကျော်လှေ၊ အမျိုးသားလေးကျိပ်ခြောက်တက်လှေ၊ အမျိုးသမီးလေးကျိပ်ခြောက်တက်လှေ၊ ကျောင်းသားနှစ်ကျိပ်ခြောက်တက်လှေနှင့် တစ်ဦးချင်းလှေပြိုင်ပွဲ အမျိုးအစားများ ပါဝင်မည်ဖြစ်ပြီး စက်တင်ဘာ ၂၆ ရက်မွန်းလွဲပိုင်းတွင် အင်းလေးကန်အတွင်းရှိ ရေလယ်ညှော့ခန်းမဆောင်ရှေ့ ရေပြင်ကျယ်၌လည်းကောင်း၊ စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့ နန်းကပ်ချောင်းရေပြင်၌လည်းကောင်း၊ အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖောင်တော်ဦးမြတ်စွာဘုရားသီတင်းသုံးရာရတနာစံကျောင်းတော်ရှေ့ ရေပြင်၌လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စိုင်းအယ်ဘဲ

# ငလျင်အလွန် စီးပွားပြန်လည်ထူထောင်ရေး MSME ဈေးရောင်းပွဲတော်သို့ ပြည်သူများ စိတ်ဝင်စားစွာဖြင့် လာရောက်ဝယ်ယူအားပေး



မန္တလေး စက်တင်ဘာ ၂၁

၂၀၂၅ ခုနှစ် ငလျင်အလွန် စီးပွားပြန်လည်ထူထောင်ရေး MSME ဈေးရောင်းပွဲတော်ကို ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ Mingalar Mandalay (Promotion Area)၌ စတင်ရောင်းချလျက်ရှိရာ ပြည်သူများ စိတ်ဝင်စားစွာဖြင့် လာရောက်ဝယ်ယူအားပေးကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို နိုင်ငံတော်၏ မူဝါဒဖြစ်သည့် သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်နှစ်ဆ တိုးမြှင့်ရန်ဟုဆိုသည့်အတိုင်း မန္တလေးတိုင်းဒေသကြီးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ပတ်သက်သည့် စက်မှုလုပ်ငန်းများ၊ လက်မှုလုပ်ငန်းနှင့် ပတ်သက်သည့် စက်မှုလုပ်ငန်းအများစုသည် MSME လုပ်ငန်းများဖြစ်သည့်အတွက် ငလျင်အလွန် အဆိုပါ MSME လုပ်ငန်းများ ပြန်လည်ရှင်သန်နိုင်ရန်နှင့် စီးပွားရေးပြန်လည်ထူထောင်နိုင်ရန် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်း မန္တလေးကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးတင်လတ်က ပြောသည်။

ယင်းဈေးရောင်းပွဲတော်တွင် နိုင်ငံတော်က သတ်မှတ်ထားသည့် MSME နှင့် ပတ်သက်သည့် အမျိုးအစားများဖြစ်သည့် ပို့ကုန်အစားထိုးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ လက်မှုလုပ်ငန်း၊ ဒေသထွက်ကုန်လုပ်ငန်းများ၊ EV နှင့် ဆိုလာအရောင်းပြခန်းများ အပါအဝင် MSME ထုတ်ကုန်အရောင်းဆိုင်ခန်းပေါင်း ၁၀၀ ဖြင့် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့်အပြင် အဆိုတော်များ၏ သီဆိုဖျော်ဖြေမှုများနှင့် အကအဖွဲ့များ၏ ကပြဖျော်ဖြေမှုအစီအစဉ်များလည်း ထည့်သွင်းထားကြောင်း သိရသည်။

မန္တလေးကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းက "ဈေးရောင်းပွဲတော်ကြီးကို ငလျင်အလွန်မှာ စီးပွားရေးပြန်လည်ထူထောင်ဖို့နဲ့ အသင်းအဖွဲ့တွေနဲ့ MSME လုပ်ငန်းရှင်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ စီစဉ်ပေးတာဖြစ်ပါတယ်။ MSME ထုတ်ကုန်တွေ အားလုံးကိုလည်း ပြသနိုင်အောင် ဆောင်ရွက်ထားပါတယ်။ နောက်ပြီး ကုန်ပစ္စည်းတွေကိုလည်း အထူးဈေးနှုန်းတွေနဲ့ ရောင်းချပေးမှာ ဖြစ်ပါတယ်။ ငလျင်အလွန်မှာ ဒီလိုဈေးရောင်းပွဲတော်ကြီးက ပထမဆုံးအကြိမ်လည်း ဖြစ်ပါတယ်။ ဒါကြောင့် မန္တလေးမြို့သူ မြို့သားတွေအနေနဲ့ MSME ထုတ်ကုန်တွေ အားလုံးကို တစ်နေရာတည်းမှာ တစုတဝေးတည်း ကြည့်ရှုလေ့လာပြီး ဝယ်ယူလို့ရမယ့် ဒီလို ပွဲတော်ကြီးကို လက်လွတ်မခံဘဲ လာရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။



ဦးတင်လတ်



ဒေါ်မြင့်မြင့်သန်း



ဦးတင်အေး

MSME ထုတ်ကုန်များ ဝင်ရောက်ပြသရောင်းချပေးနေသည့် Green Max Myanmar Co., LTD မှ ဦးတင်အေးကလည်း "ကျွန်တော်တို့အနေနဲ့ ဒီဈေးရောင်းပွဲတော်ကြီးမှာ MSME ထုတ်ကုန်တွေ ပြသရောင်းချပြီး တစ်တပ်တစ်အား ပါဝင်ခြင်းဖြစ်ပါတယ်။ အားလုံးပူးပေါင်းပြီး ဒီပွဲတော်ကြီးကို စီစဉ်ကျင်းပတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘက်ထရီတွေ၊ အင်ဗာတာတွေကို ပြသရောင်းချပေးမှာဖြစ်ပြီး Promotion အစီအစဉ်တွေနဲ့ ဈေးနှုန်းချိုသာစွာ ရောင်းချပေးနေပါတယ်။ ဒါကြောင့် ဒီဈေးရောင်းပွဲတော်ကြီးကို ပြည်သူလူထုအနေနဲ့ လာရောက်ကြည့်ရှုပြီးတော့ ဝယ်ယူနိုင်ကြပါပြီ" ဟု ပြောသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကြီးကို စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်တိုင်တိုင် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် မိမိတို့လိုအပ်သည့် MSME ထုတ်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် လွတ်လပ်စွာ လာရောက်ဝယ်ယူနိုင်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# နန်းယွန်းမြို့၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်



နန်းယွန်း စက်တင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ နန်းယွန်းမြို့၌ ၂၀၂၅ ခုနှစ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသား (အလွတ်တန်း) ဘောလုံးအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ ရက်က အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ပြုလုပ်ခဲ့သည်။

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒိုင်လူကြီးများ၊ အားကစားကြီးကြပ်ရေးကော်မတီဝင်များ၊ အားကစားသမားများက နိုင်ငံတော်အလံကို အလေးပြုကြပြီး အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ဆက်လက်၍ အခမ်းအနားတွင် ညီညွတ်သောတန်ရှန်း နာဂကောင်စီဥက္ကဋ္ဌ ဦးချစ်ယောင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာတင်ဦးက ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပထမပွဲစဉ်အနေဖြင့် နန်းယွန်းမြို့ ရပ်ကွက်ပေါင်းစုံ (က)အသင်းနှင့် နန်းယွန်းမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးကျောင်းဆင်း (NYRDDC)အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲတွင် နန်းယွန်းမြို့မှ ပြိုင်ပွဲဝင်အသင်း ခုနစ်သင်း၊ ပန်ဆောင်မြို့မှ နှစ်သင်း၊ ဒုံဟီးမြို့မှ တစ်သင်း စုစုပေါင်းပြိုင်ပွဲဝင် ၁၀ သင်းက စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ၁၅ ရက်ကြာ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ဟန်ကမ်း(ပြန်/ဆက်)

# မအူပင်၌ ဥဒါန်းစွမ်းရည်ပြိုင်

မအူပင် စက်တင်ဘာ ၂၁

မအူပင်မူလတန်းကြိုကျောင်း ကျောင်းတွင်းဥဒါန်းစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ မအူပင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးမော်က အမှာစကားပြောကြားပြီး ကျောင်းတွင်းဥဒါန်းစွမ်းရည်ပြိုင်ပွဲအကြီးတန်းအဆင့် တစ်ဦးချင်းနှင့် အဖွဲ့လိုက်ပြိုင်ပွဲနှင့် အငယ်တန်းအဆင့် တစ်ဦးချင်းနှင့် အဖွဲ့လိုက်ပြိုင်ပွဲကို ပြုလုပ်သည်။ ယင်းနောက် ပြိုင်ပွဲတွင်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို မအူပင်ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ထွန်းနှင့် ဝန်ထမ်းများ၊ အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

UN Tourism

၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့

"ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ် ဖော်ဆောင်စို့"

WORLD TOURISM DAY 2025 | TOURISM AND SUSTAINABLE TRANSFORMATION

၂၇-၉-၂၀၂၅ နေပြည်တော်



## ပင်းတယမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေး

**ပင်းတယ စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း)ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ထွက်နီကျေးရွာအုပ်စုရှိ မဟာမြိုင်တောရ ဘုန်းတော်ကြီးကျောင်းတွင် ယနေ့နံနက်ပိုင်းက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးစေခြင်းနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ကျင်းပသည်။

ဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ထွက်နီကျေးရွာအုပ်စုမှ ဒေသခံပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အောင်ကိုဦး(ပြန်/ဆက်)

## ကော့မှူးမြို့နယ် ကျိုက်ထော်ကျေးရွာ၌ သက်ကြီးအဘွားများအား ထောက်ပံ့ငွေများပေးအပ်



**ကော့မှူး စက်တင်ဘာ ၂၁**

ကော့မှူးမြို့နယ် ကျိုက်ထော်ကျေးရွာ၌ တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် သက်ကြီးအဘွားများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ကျိုက်ထော်(မ)ကျေးရွာ AT ခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ သက်ကြီးအဘွားများအား တစ်ဦးလျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုမျိုးထိုက်နှင့် အဖွဲ့များက အဘွားများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်သူရ (ကော့မှူး)



## ကော့သောင်းမြို့၌ အိုဇုန်းလွှာအကြောင်း သိကောင်းစရာ အသိပညာပေး

**ကော့သောင်း စက်တင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ အိုဇုန်းလွှာအကြောင်း သိကောင်းစရာ အသိပညာပေးTalk Show ဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ ရက်က ပြုလုပ်သည်။

အဆိုပါ Talk Show ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေဇင်ဦးက အိုဇုန်းလွှာနှင့်ပတ်သက်၍ သိလိုသည်များမေးမြန်းခဲ့ရာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသူရဇော်က "အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး"ခေါင်းစဉ်ဖြင့် အိုဇုန်းလွှာဖြစ်ပေါ်လာပုံ၊ အိုဇုန်းလွှာ၏ အရေးပါပုံ၊ အိုဇုန်းလွှာပျက်စီးခြင်းကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများ၊ အိုဇုန်းလွှာလျော့နည်းပျက်စီးရသည့်အကြောင်းရင်း၊ အိုဇုန်းလွှာကို ကာကွယ်ရန်နည်းလမ်းများစသည့်အကြောင်းအရာများအား အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အုတ်တွင်းမြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

**အုတ်တွင်း စက်တင်ဘာ ၂၁**

အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ဝိုင်းကျင်းပသည်။

အဆိုပါစာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ချို( စာရေးဆရာ ခင်မောင်ချို -ကညွတ်ကွင်း ) က ခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့သည်။

ခင်ခင်မာ(ပြန်/ဆက်)

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၉ ဒသမ ၅၆၁၄ တန်၊ သစ်မာ ဖ၈ ဒသမ ၀၀၀၀ တန်၊ အခြား ၁၂၅ ဒသမ ၉၂၄၆ တန်၊ စုစုပေါင်း ၂၁၃ ဒသမ ၄၈၆၀ တန်၊ ယာဉ်/ယန္တရား သုံးစီး၊ တရားခံ ရှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သော နေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့်ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

## မော်လမြိုင်ကျွန်းမြို့နယ်မှ မြိတ်မြို့နယ်သို့ ထွက်ခွာမည့်ရေယာဉ်အား ကြည့်ရှုစစ်ဆေး

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၈ ရက်က တုံးလှဲချောင်းမြစ်အတွင်းရှိ ရေယာဉ်အမည် MV ရွှေလမင်း(၃) ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဇော်၊ မြို့နယ်အခွန်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းဦး၊ မော်တော်ရေယာဉ်အသင်းဥက္ကဋ္ဌနှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်လတ်တို့က မော်လမြိုင်ကျွန်းမြို့နယ်မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်သို့ ထွက်ခွာမည့် MV ရွှေလမင်း (၃) ရေယာဉ်တွင် မော်လမြိုင်ကျွန်းမြို့နယ် ဆန်စက်များမှ ဇီယာဆန် အိတ် ၁၈၀၀၀ တို့ကို စနစ်တကျ တင်ဆောင်ထားရှိပြီး တရားမဝင်သောပစ္စည်းများ တင်ထားခြင်း ရှိ/ မရှိ၊ ရေယာဉ်လိုင်စင်များ ဆောင်ထားခြင်းရှိ/မရှိ၊ ရေယာဉ်လုပ်သားများ နိုင်ငံသားမှတ်ပုံတင်များ ကိုင်ဆောင်ထားခြင်း ရှိ/ မရှိ စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို MV ရွှေလမင်း (၃) ရေယာဉ်၏ တာဝန်ခံအား မှာကြားခဲ့ကြောင်း သိရသည်။



ရဲကိုမောင်(ပြန်/ ဆက်)

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ကံမမြို့နယ်၌ တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

**ကံမ စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု အဆင်ပြေချောမွေ့စေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၁ အုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူများအား ထုတ်ချေးပေးလျက်ရှိရာ စက်တင်ဘာ ၁၈ ရက်က အလယ်ကျေးရွာအုပ်စုနှင့် အလပ်လယ်ကျေးရွာ အုပ်စုတို့မှ တောင်သူ ၁၃၉ ဦးတို့၏ မိုးစပါး စိုက်ဧက ၃၀၀ အတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်း ၄၅၀ အား ထုတ်ပေးခဲ့ကြောင်း သိရသည်။



ထိုသို့ ထုတ်ပေးရာတွင် ကံမမြို့နယ်၌ ငွေကျပ်သိန်း သုံးသောင်းကို ထုတ်ချေးပေးရန် လျာထားပြီး မိုးစပါး စိုက်ပျိုးမြေ တစ်ဧကလျှင် ငွေကျပ် တစ်သိန်း ငါးသောင်းကျပ်နှုန်း မြေပဲ၊ နှမ်း အစရှိသည့် အခြားသီးနှံစိုက်ဧက တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ကျေးရွာအုပ်စုများမှ ဘဏ်အဖွဲ့ဝင် တောင်သူများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

ကျော်ဇေယျဝင်း(ကံမ)

## ငွေစု၊ ငွေချေးသမဝါယမအသင်း၏ ဘဏ္ဍာရေးနှစ်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရွှေကျင်းကြီးအထွေထွေ ရောင်းဝယ်ရေး သမဝါယမအသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို စက်တင်ဘာ ၁၉ ရက်က သမဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်သဘာပတိအဖြစ်အသင်းဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူက ဆောင်ရွက်ပြီး အသင်းတိုးတက်အောင် ဆောင်ရွက်နိုင်မှုကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက သမဝါယမအသင်းများ၏ အသင်းဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အသင်းအမှုဆောင်နှစ်ဦးက ဘဏ္ဍာနှစ်အစီရင်ခံစာနှင့် အသင်းသားစာရင်းစစ်အစီရင်ခံစာများကို ဖတ်ကြားပြီး တက်ရောက်လာသူများအား အသင်းသားလက်ဆောင်ပေးအပ်ခြင်းနှင့် အစုပေါ်အမြတ်၊ စုဆောင်းငွေပေါ်အတိုးများ ထုတ်ပေးခဲ့ကြောင်း သိရသည်။



ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၂၁ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထွန်းမြ ဦးဆောင်၍ တပ်ဖွဲ့ဝင်များက စုပေါင်း သွေးလှူဒါန်းစဉ်။

ကျော်စွာ(မြင်းခြံ)

## ၂၀၂၅ ခုနှစ် စက်တင်ဘာလ (တတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၁ ရက်မှ ၂၅ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်မှ ၃၀ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့် ရှိနိုင်သည်။

မိုးရွာသွန်းနိုင်မှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

အမြင့်ဆုံးအပူချိန်အခြေအနေမှာ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ၆၉ ဒီဂရီဖာရင်ဟိုက်မှ ၇၈ ဒီဂရီဖာရင်ဟိုက်အတွင်း ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၉ ဒီဂရီဖာရင်ဟိုက်မှ ၈၈ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၉ ဒီဂရီဖာရင်ဟိုက်မှ ၉၈ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

အနိမ့်ဆုံးအပူချိန်အခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၅၈ ဒီဂရီဖာရင်ဟိုက်မှ ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း) တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

လေထုစိုထိုင်းဆအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၈၆ရာခိုင်နှုန်းမှ ၉၅ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၂၀ မီလီမီတာမှ ၃၁ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းနှင့်အနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၃၂ မီလီမီတာမှ ၄၃ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

မြေဆီလွှာအောင်းရေအခြေအနေမှာ မကွေးတိုင်းဒေသကြီးတွင် (ခြောက်သွေ့) အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ အသီးသီးရှိနိုင်သည်။

မိုး/ဇလ

## ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့လေဆိပ်၌ ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ခရီးစဉ်များနှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်

**ဘရပ်ဆဲလ် စက်တင်ဘာ ၂၁**

လေယာဉ်တက်ရန် စာရင်းသွင်းခြင်းနှင့် ခရီးသည်များလေယာဉ်ပေါ်တက်ရန် လုပ်ဆောင်မှုစနစ်များတွင် ဆိုက်ဘာတိုက်ခိုက်ခံရမှုကြောင့် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်လေဆိပ်၌လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းရခြင်းနှင့် အချိန်နှောင့်နှေးခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး ယင်းအခြေအနေမှာ စက်တင်ဘာ ၂၂ ရက်အထိ ဆက်လက်ဖြစ်ပေါ်မည်ဟု ဘရပ်ဆဲလ်လေဆိပ်က စက်တင်ဘာ ၂၀ ရက်တွင် ပြောသည်။



ဘရပ်ဆဲလ်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်များကို စက်တင်ဘာ ၂၀ ရက်က တွေ့ရစဉ်။

ဆက်လက်ဖြစ်ပေါ်နေသည့် ချွတ်ယွင်းမှုများကြောင့် စက်တင်ဘာ ၂၁ ရက်နေ့ ထွက်ခွာမည့် လေကြောင်းလိုင်းများ၏ နေ့တစ်ပိုင်းခရီးစဉ်များကို ဖျက်သိမ်းရန် တောင်းဆိုထားကြောင်း လေဆိပ်ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

ခရီးသည်များ အနေဖြင့် လေဆိပ်သို့မထွက်ခွာမီ ၎င်းတို့၏ လေယာဉ်အခြေအနေကို လေကြောင်းလိုင်းများနှင့် အတည်ပြုရန် အကြံပြုထားသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အနီးကပ် စောင့်ကြည့်လျက်ရှိကြောင်း ဥရောပကော်မရှင် ပြောရေးဆိုခွင့်ရှိသူက စက်တင်ဘာ ၂၀ ရက်တွင် ပြောသည်။

ခရီးသည်များအနေဖြင့် နှောင့်နှေးကြန့်ကြာမှုများနှင့် တွေ့ကြုံနေရသော်လည်း လေကြောင်းလုံခြုံရေးနှင့် လေကြောင်းထိန်းချုပ်ရေးစနစ်များကို ထိခိုက်မှုမရှိကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

လုပ်ငန်းများ ပြန်လည်ပတ်နိုင်ရေး သက်ဆိုင်ရာ အေဂျင်စီများနှင့်အတူ လုပ်ဆောင်နေပြီး ဆိုးရွားသည့်ဆိုက်ဘာတိုက်ခိုက်မှုဖြစ်လာနိုင်ခြေမရှိဟုလည်း ကော်မရှင်က ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## ဘာဂရမ်လေတပ်စခန်း ထိန်းချုပ်ခံရမှုနှင့် ပတ်သက်၍ အမေရိကန်သမ္မတ ထရမ့်က အာဖဂန်နစ္စတန်ကို ခြိမ်းခြောက်

**ဝါရှင်တန် စက်တင်ဘာ ၂၁**

ဘာဂရမ်လေတပ်စခန်းကို ပြန်မပေးပါက ဆိုးကျိုးများဖြစ်လာနိုင်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စက်တင်ဘာ ၂၀ ရက်တွင် ခြိမ်းခြောက်ခဲ့သည်။

အကယ်၍ အာဖဂန်နစ္စတန်နိုင်ငံက ဘာဂရမ်လေတပ် အခြေစိုက်စခန်းကို တည်ဆောက်သူဖြစ်သည့် အမေရိကန်ထံပြန်မပေးခဲ့ပါက ဆိုးကျိုးများဖြစ်လာနိုင်သည်ဟု ထရမ့်က ၎င်း၏ Truth Social အကောင့်တွင် ရေးသားခဲ့သည်။ ကဘူးလ်မြို့မှ မြောက်ဘက်ကီလိုမီတာ ၅၀ ခန့်အကွာရှိ ဘာဂရမ်လေတပ်စခန်းသည် အာဖဂန်နစ္စတန်စစ်ပွဲအတွင်း အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များ၏ အဓိကစခန်းချရာနေရာဖြစ်ခဲ့သည်။

၂၀၂၁ ခုနှစ် အမေရိကန်များ ဆုတ်ခွာသွားပြီးနောက် တာလီဘန်တို့က ယင်းစခန်းကိုထိန်းချုပ်ခဲ့သည်။ ထရမ့်၏ဗြိတိန်သို့ လတ်တလော ခရီးစဉ်အတွင်း ဘာဂရမ်လေတပ်အခြေစိုက်စခန်းကို ပြန်လည်ရယူရန် ကြိုးပမ်းနေသည်ဟု ပြောကြားခဲ့သည်။

လေတပ်စခန်း ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် အာဖဂန်နစ္စတန်နှင့် ဆွေးနွေးနေသည်ဟု စက်တင်ဘာ ၂၀ ရက်တွင် ထရမ့်က အိမ်ဖြူတော်၌ သတင်းထောက်များကို ပြောကြားခဲ့သည်။ **ဆင်ဟွာ**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

## အီရတ်နိုင်ငံက ရေနံအပေါ်မှီခိုမှုလျှော့ချရန် ၂၀၅၀ ဖွံ့ဖြိုးရေးရည်မှန်းချက်သစ်ချမှတ်

**ဘဂ္ဂဒက် စက်တင်ဘာ ၂၁**

အီရတ်နိုင်ငံ၏ အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်သစ်တစ်ရပ်ကို စတင်အကောင်အထည် ဖော်လိုက်ပြီဖြစ်ကာ လက်ရှိစီးပွားရေး၏ အဓိက အားထားရာဖြစ်နေသော ရေနံထွက်ပစ္စည်းများအပေါ် မှီခိုမှုကို ၂၀၅၀ ပြည့်နှစ်အရောက်တွင် သိသိသာသာလျှော့ချရန် ရည်မှန်းထားကြောင်း ဝန်ကြီးချုပ်ရုံး သတင်းထုတ်ပြန်ရေး အဖွဲ့က ထုတ်ပြန်သည်။

### လောင်စာများကိုသာ အားထားနေခြင်းမဖြစ်နိုင်

အီရတ်ဝန်ကြီးချုပ် မိုဟာမက် ရှီအာ အယ်လ်-ဆူဒါနီက အမျိုးသား ဖွံ့ဖြိုးရေးမျှော်မှန်းချက်ကို စက်တင်ဘာ ၂၀ ရက်တွင် စတင်ကြေညာခဲ့ပြီး နိုင်ငံ အမျိုးသားစီးပွားရေး၏ အခြေခံ အုတ်မြစ်အဖြစ် ရုပ်ကြွင်းလောင်စာများကိုသာ ဆက်လက်အားထားနေခြင်းသည် မဖြစ်နိုင်တော့ကြောင်း ထပ်လောင်းပြောကြားသည်။

### ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်မှု တိုးမြှင့်

အဆိုပါ မျှော်မှန်းချက်သည် အီရတ်နိုင်ငံ၏ စီးပွားရေးပုံစံများ စုံလင်စေရန်၊ ရေနံအပေါ် မှီခို အားထားမှုကို လျှော့ချရန်နှင့် ပြုပြင်ပြောင်းလဲမှုများမှ တစ်ဆင့် ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်မှုကို တိုးမြှင့်ရန် ရည်ရွယ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော အစိမ်းရောင် စီမံကိန်းများမှတစ်ဆင့် ပြည်တွင်းစားနပ်ရိက္ခာ၊ ရေနှင့် စွမ်းအင်အတွက် ၇၀ ရာခိုင်နှုန်း ဖူလုံရေးကိုလည်း ရည်မှန်းထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

### အဓိက ဗဟိုချက်နေရာဖြစ်လာ

အဓိက စီမံကိန်းများအနက် အဲလ်ဖောဆိပ်ကမ်းနှင့် ဖွံ့ဖြိုးရေးလမ်းမကြီးစီမံကိန်းမှ အီရတ်ကို အာရှ-ဥရောပ ကုန်သွယ်မှု ၂၀ ရာခိုင်နှုန်းအတွက် အဓိကဗဟိုချက်နေရာဖြစ်လာစေပြီး ယင်းစီမံကိန်းမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်း ၁ ဒသမ ၅ သန်းကိုလည်း ဖော်ဆောင်ပေးနိုင်ရန် မျှော်မှန်းထားသည်။

### စီးပွားရေးစနစ်ဖြင့် ရပ်တည်နိုင်

အီရတ်ဝန်ကြီးချုပ် ဆူဒါနီက နည်းပညာဆိုင်ရာ ပြောင်းလဲမှုများနှင့် ဉာဏ်ရည်တုတို့သည် ကမ္ဘာ့စီးပွားရေးကို ပုံဖော်နေသည့် အချိန်တွင် အီရတ်နိုင်ငံသည် လာမည့် ဆယ်စုနှစ်များအတွင်း ရေနံအပေါ် မှီခိုမှုမှ လွတ်မြောက်ကာ စုံလင်ပြီးတည်ငြိမ်သော စီးပွားရေးစနစ်ဖြင့် ရပ်တည်နိုင်ရန် ရည်မှန်းထားသည်ဟု ပြောကြားသည်။ **ဆင်ဟွာ**



## ဂါဇာ၌ ဖမ်းဆီးခံထားရသည့် ဓားစာခံများ၏ ဓာတ်ပုံကို ဟားမားစ် ထုတ်ပြန်

**ဂါဇာ စက်တင်ဘာ ၂၁**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့များက မြေပြင်စစ်ဆင်ရေး လုပ်ဆောင်နေချိန် ဟားမားစ်အုပ်စုက ဂါဇာကမ်းမြောင်ဒေသတွင် ၎င်းတို့ဖမ်းဆီးထားသည့် ဓားစာခံများ၏ပုံကို ထုတ်ပြန်လိုက်သည်။ အစ္စရေး၏လှုပ်ရှားမှုများအပေါ် ဆန့်ကျင်သည့်သတိပေးချက်အနေဖြင့် ဓားစာခံများ၏ ဓာတ်ပုံကို ပြသခဲ့ခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းရှိ ဂါဇာမြို့ကို သိမ်းပိုက်နိုင်ရေး ရည်ရွယ်၍ ၎င်းတို့၏လှုပ်ရှားမှုများကို ဆက်လက်လုပ်ဆောင်နေသည်ဟု အစ္စရေးတပ်ဖွဲ့က စက်တင်ဘာ ၂၀ ရက်တွင် ပြောသည်။ အစ္စရေးတပ်ဖွဲ့ဝင်များသည် ဥမင်လိုဏ်ခေါင်းများနှင့် စနိုက်ပါနေရာများ အပါအဝင် ဟားမားစ်တို့၏ အခြေခံအဆောက်အအုံအများအပြားကို ဖြိုချခဲ့ကြောင်း ပြောသည်။

ဓားစာခံ ၄၀ ကျော်၏ ပုံကိုထုတ်ဖော်ပြသခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့ကို ဂါဇာမြို့ရပ်ကွက်များတွင် ခွဲဝေထားရှိကြောင်း စက်တင်ဘာ ၂၀ ရက်တွင် ဟားမားစ်တို့က ပြောသည်။ ဂါဇာမြို့၌ လူဦးရေတစ်သန်းနီးပါးနေထိုင်ပြီး အစ္စရေးတို့က ဒေသခံများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန်တောင်းဆိုခဲ့ပြီးနောက် တောင်ပိုင်းသို့ တိမ်းရှောင်ကြရသည်။

ဂါဇာမြို့သား ၂၇၀၀၀၀ နီးပါး မြို့မှထွက်ခွာသွားကြပြီဟု ဂါဇာမြို့ရှိ ဒေသခံအာဏာပိုင်များက ပြောသော်လည်း တောင်ဘက်ပိုင်းရှိ အစ္စရေးတို့က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဇုန်ဟုခေါ်ဆိုသော နေရာတွင် ရေ၊ အစားအစာနှင့်ယာယီနေအိမ်များ ပြတ်လပ်လျက်ရှိကြောင်း ထောက်ပြခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ဆော်ဒီက ယီမင် စီးပွားရေးအတွက် အမေရိကန်ဒေါ်လာ ၃၆၈ သန်း ပံ့ပိုး

**ရီယာ့ဒ် စက်တင်ဘာ ၂၁**

ဆော်ဒီအာရေဗျနိုင်ငံက ယီမင်နိုင်ငံ၏ မတည်ငြိမ်သော စီးပွားရေးကို ပြန်လည်တည်ဆောက်နိုင်ရန်အတွက် ရီရယ် ၁ ဒသမ ၃၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၆၈ သန်း) အကူအညီပေးအပ်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၀ ရက်က ကြေညာသည်။

ယီမင်နိုင်ငံအတွက် ဆော်ဒီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်တည်ဆောက်ရေး အစီအစဉ်မှတစ်ဆင့် ပံ့ပိုးပေးမည်ဖြစ်ပြီး အဆိုပါအစီအစဉ်သည် ယီမင်နိုင်ငံ၏ စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ငွေကြေးတည်ငြိမ်မှုတို့ကို အားကောင်းစေရန် ရည်ရွယ်ထားကြောင်း ဆော်ဒီသတင်းအေဂျင်စီက ဖော်ပြသည်။

ထောက်ပံ့ရေးအစီအစဉ်တွင် ယီမင်အစိုးရအတွက် ဘဏ္ဍာငွေပံ့ပိုးမှု၊ ရေနံထွက်ပစ္စည်းဆိုင်ရာများအတွက် ပံ့ပိုးမှုများနှင့် အေဒင်ပြည်နယ်ရှိ မိုဟာမက်ဘင်ဆယ်လ်မန်မင်းသားဆေးရုံ၏ လည်ပတ်စရိတ်များအတွက် ရန်ပုံငွေများ ပါဝင်သည်။

အဆိုပါ ပံ့ပိုးကူညီမှုသည် ယီမင်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အားကောင်းလာစေရန်နှင့် ယီမင်ပြည်သူများအတွက် လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ပေးရန် ကတိကဝတ်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံက ပြောကြားသည်။ **ဆင်ဟွာ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ရွှေဘိုမြို့ ရှေးဟောင်းသမိုင်းဝင် မော်ခေါမြင်သာမြို့ထောင့်စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင်လှူပူဇော်



ရွှေဘို စက်တင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့အမှတ်(၁) ရပ်ကွက်ရှိအလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တည်ထားကိုးကွယ်တော်မူခဲ့သည့် ရှေးဟောင်းသမိုင်းဝင် မော်ခေါမြင်သာ မြို့ထောင့်စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပသည်။

ထို့နောက် မော်ခေါမြင်သာ မြို့ထောင့် စေတီတော်မြတ်ကြီး အကြိမ် (၂၁၀) မြောက် ဘုံဆွမ်းလောင်းလှူပွဲတော်ကို ဆက်လက်ကျင်းပရာ ရွှေဘိုတပ်နယ်မိသားစုများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်ထွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရွှေဘိုမြို့ပေါ်ရပ်ကွက်များရှိ ဘုံဆွမ်းလောင်းအသင်းများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ စေတနာရှင်အလှူရှင်များက လာရောက်ဆွမ်းပေါင်းလောင်းလှူကြရာ မြို့ပေါ်ကျောင်းတိုက်များရှိ ဆရာတော်သံဃာတော် ၇၅၁ ပါးတို့အား ဆွမ်း၊ ခဲဖွယ်၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူပူဇော်ခဲ့ကြပြီး အနုမောဒနာ တရားတော်များကို နာယူပူဇော်ကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## လယ်ဝေးမြို့နယ် အောင်ရဲဟိန်းဈေး သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ



နေပြည်တော် စက်တင်ဘာ ၂၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် အောင်ရဲဟိန်းဈေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က သာဝတ္ထိကျေးရွာ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးလှမြင့်က အမှာစကားပြောကြားပြီး လယ်ဝေးမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်လွင်က သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်နှင့် အသင်းစာရင်းစစ် အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ အမြတ်ခွဲဝေမှုစာရင်းများကို ဖတ်ကြားတင်သွင်းပြီး အတည်ပြုချက်ရယူခဲ့ကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)

## မော်လမြိုင်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးဆွေးနွေး

မော်လမြိုင် စက်တင်ဘာ ၂၁

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်နိုင်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးပြည့်မောင်က လိုအပ်သည့် ပံ့ပိုးကူညီဆောင်ရွက်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်နှင့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာမကြီးများက လုပ်ငန်းကဏ္ဍများအလိုက် ဖြည့်စွက်ဆွေးနွေးအကြံပြုပေးသည်။ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပွဲတော်တွင် စကားရည်လု၊ ကျပန်း၊ ကဗျာ၊ ပုံပြင်၊ ပန်းချီပြိုင်ပွဲများ၊ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ အသိပညာပေးပြခန်းများ၊ MSME ပြခန်းများ၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲများ ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် ဒီရေတောများ၏ အခန်းကဏ္ဍအကြောင်း အသိပညာပေး

သာပေါင်း စက်တင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် သစ်တောဦးစီးဌာနက ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် ဒီရေတောများ၏ အခန်းကဏ္ဍအကြောင်း အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၆ ရက်က အခြေခံပညာအထက်တန်းကျောင်း(သာပေါင်း)ရှိ သော်ကဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်း (သာပေါင်း) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးနိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသိန်းဝင်းဇော်က ကမ္ဘာ့ဒီရေတောများအခြေအနေ၊ မြန်မာနိုင်ငံ၏ ဒီရေတောနှင့် ဂေဟစနစ်များ၊ ဒီရေတောများမှ ပံ့ပိုးပေးသော ဂေဟစနစ်ဝန်ဆောင်မှုများ၊ ဒီရေတောများမှ ထုတ်ကုန်နှင့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ပံ့ပိုးပေးခြင်း၊ ဒီရေတောဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှု၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေး၊ ဒီရေတောများ၏ အခန်းကဏ္ဍ၊ ကမ်းရိုးတန်းသယံဇာတများနှင့် အပြာရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသနေပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု စသည့်ဗဟုသုတရဖွယ်သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

သိန်းမြင့်မျိုးဦး သာပေါင်း(ပြန်/ဆက်)



❍ ကျောဖုံးမှ

စောထူးဒယ် (Phonenix Club)၊ ကျော်ကြီး (တော်ဝင်ရော)နှင့် အောင်ဆန်းလင်း(ခေးယူးဝါး)၊အောင်ကိုဦး(MFC Club)နှင့် ကျားမာန်ဟိန်း (Smart Fight)၊ သက်ထားစံ (Wannion)နှင့်Ray ( Do Jo Nine) တို့ အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ကြရာ အလူးအလဲဖြင့် ပူးတွဲသရေကျခဲ့သည်။

ထို့ပြင် စိန်သန်းဦး(ခေးယူးဝါး)က ဖြိုးမောင်မောင် (MFC Club)ကို တတိယအချီတွင်လည်းကောင်း၊ စောရှုဘီ (YMA Club)က ခွန်မင်းမင်း (MFC Club)၊ ကိုဒုတိယအချီတွင်လည်းကောင်း၊ မိုးကြိုး(Bago Club) က စောပိုဒ်အောင် (မြောက်ဥက္ကလာ)ကို ပထမအချီတွင်လည်းကောင်း၊ ကောင်းထက်ဇော်(STL Club)က ပေါလု (Phonenix Club)ကို ဒုတိယအချီတွင်လည်းကောင်း အလဲထိုးအနိုင်ရရှိကြပြီး ပရိသတ်အကြိုက်ပြိုင်ပွဲများဖြစ်ခဲ့သည်။

အာကာစိုး

## လယ်ဝေးမြို့နယ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများ ကြည့်ရှုအားပေး



**နေပြည်တော် စက်တင်ဘာ ၂၁**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယမန်နေ့ နံနက်ပိုင်းတွင် လယ်ဝေးမြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံနှင့် အမှတ်(၁)ရပ်ကွက် ဘူတာလမ်းဘေး ဝဲ/ယာတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဒက္ခိဏသီရိမြို့နယ် ရွှေအင်ကြင်းရပ်ကွက်နှင့် မဲဒီးကျေးရွာအတွင်းရှိ စာကြည့်တိုက်များတွင် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် စာကြည့်တိုက်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံကာ စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးအတွက် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ရန်၊ စာကြည့်တိုက် ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးနှင့် အမှိုက်ကင်းစင်စေရေး ပန်းအလှအပင်များ စိုက်ပျိုးရန်နှင့် အမှိုက်များကို စနစ်တကျစွန့်ပစ်ရန်၊ ကျောင်းသား ကျောင်းသူများ ဗလငါးတန်နှင့် ဘက်စုံထူးချွန်သည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရေး၊ စာအုပ်စာပေဖတ်ရှုခြင်းဖြင့် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်သည့် အသိပညာနှင့်ပြည့်စုံသော မျိုးဆက်သစ်လူငယ်များဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် မဲဒီးကျေးရွာ အလင်းစေတမန်စာကြည့်တိုက်သို့ သွားရောက်၍ ဉာဏပြိုင်ပွဲယှဉ်ပြိုင်နေသည့် ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေးပြီး စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုနှင့် စာကြည့်တိုက်ရှင်သန်ခိုင်မာစေရေး ဉာဏပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုလက်ဆောင်များ၊ ဆိုလာမီးသီးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

## လှိုင်းဘွဲမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ လက်တွေ့စမ်းသပ်မဲပေးခြင်းအသိပညာပေး ဆောင်ရွက်ပေးလျက်ရှိ



**လှိုင်းဘွဲ စက်တင်ဘာ ၂၁**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် သိသင့်သိထိုက်သော အချက်အလက်များနှင့် ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်ကိုလက်တွေ့ အသုံးပြုနိုင်ရန်အတွက် မဲပေးစက်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ လက်တွေ့ စမ်းသပ်မဲပေးခြင်းတို့ကို လှိုင်းဘွဲမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကွင်းဆင်း၍ဆောင်ရွက်ပေးလျက်ရှိသည်။

**လက်တွေ့စမ်းသပ်မဲပေး**

အဆိုပါ မဲပေးစက်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲတွင် မဲဆန္ဒရှင်ပြည်သူများ စနစ်တကျ မဲပေးနိုင်ရန်အတွက် မဲပေးစက်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအစီအစဉ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက အဖွဲ့များခွဲ၍ လှိုင်းဘွဲမြို့နယ်အတွင်းရှိ တိုက်နယ်(၅) ခုမှ ရပ်ကွက်ကိုးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၅ အုပ်စုတို့ကို အဖွဲ့ခြောက်ဖွဲ့ဖွဲ့စည်းပြီး စက်တင်ဘာ ၈ ရက်မှစ၍ အောက်တိုဘာ ၂၁ ရက်အထိ ကွင်းဆင်း၍ အသိပညာပေး ဟောပြောခြင်း၊ လက်တွေ့ စမ်းသပ်မဲပေးစေခြင်းတို့ကို ဆောင်ရွက်သွားမည်ကြောင်း သိရသည်။

**စောဒိ(ပြန်/ဆက်)**

## မိုင်းရှူးမြို့နယ်၌ စိုက်ပျိုးရေးဆိုင်ရာ ပိုးသတ်ဆေးဥပဒေရှင်းလင်းပွဲပြုလုပ်




**မိုင်းရှူး စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ စိုက်ပျိုးရေးဆိုင်ရာ ပိုးသတ်ဆေးဥပဒေရှင်းလင်းပွဲကို ယမန်နေ့က စိုက်ပျိုးရေးဦးစီးဌာန၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းသန်းက ရှင်းလင်းပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီဆန်းဝင်းက ပိုးသတ်ဆေးသုံးစွဲရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် လွိုင်လင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်သီးနှံကာကွယ်ရေးဌာနခွဲ (တာဝန်ခံ) ဒေါ်ခင်နှင်းသူက ပိုးသတ်ဆေး ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ပိုးသတ်ဆေး လက်လီလက်ကားရောင်းချခွင့် လိုင်စင်ရရှိသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အကြောင်း ရှင်းလင်းပြောကြားကာ ရှင်းလင်းပွဲသို့ တက်ရောက်လာသည့် စိုက်ပျိုးရေးပစ္စည်း အရောင်းဆိုင်များမှ လုပ်ငန်းရှင်များနှင့် တောင်သူများအား ပိုးသတ်ဆေးဖျန်းရာတွင် ဝတ်ဆင်ရမည့် PPE ဝတ်စုံများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းလှူ(ပြန်/ဆက်)**

## ပိုးသတ်ဆေးခတ်ကြွင်းကင်းစင်ရေး နည်းပညာပေးဆွေးနွေး

**အိမ်မဲ စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးခတ်ကြွင်းကင်းစင်ရေးနှင့် ပိုးသတ်ဆေး စနစ်တကျကိုင်တွယ်သုံးစွဲရေးနည်းပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မြင့်မြင့်နွယ်၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ကျော့ကျော့စံတို့က ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးခတ်ကြွင်းကင်းစင်ရေးနှင့် ပိုးသတ်ဆေးစနစ်တကျ ကိုင်တွယ်သုံးစွဲရေး အကြောင်းအရာများဖြစ်သော ပိုးသတ်ဆေးကိုင်တွယ်အသုံးပြုရာတွင် လိုက်နာရမည့်အချက်များ၊ ဝယ်ယူသယ်ဆောင်ခြင်း၊ သိုလှောင်သိမ်းဆည်းခြင်း၊ ဆေးဖျော်စပ်ပက်ဖျန်းခြင်း၊ ပိုးသတ်ဆေး စနစ်တကျကိုင်တွယ် အသုံးပြုနည်း၊ ပိုးသတ်ဆေးခတ်ကြွင်း စသည့်အကြောင်းအရာများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ သည်။

အဆိုပါ နည်းပညာပေးဆွေးနွေးပွဲသို့ အိမ်မဲမြို့နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာမှ တောင်သူ ၁၄၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ် (ပြန်/ဆက်)**



## ဖြူးမြို့နယ်၌ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ



**ဖြူး စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် မြို့မ(၁)အခြေခံပညာမူလတန်းလွန်ကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို စက်တင်ဘာ ၁၉ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ဖြူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိမာဟိန်းက ပြိုင်ပွဲပြုလုပ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပရာ ကျောင်းသား ကျောင်းသူ ၂၀ က ရေဘေးအန္တရာယ်အကြောင်း ပဟေဠိမေးခွန်းများဖြေဆိုပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ဝါးခယ်မ၌ ရေပြင်ရှာဖွေကယ်ဆယ်ရေး သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်

**ဝါးခယ်မ စက်တင်ဘာ ၂၁**

ဝါးခယ်မမြို့နယ်၌ ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ ရေပြင်ရှာဖွေကယ်ဆယ်ရေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက မင်းပိုင်းရပ်ကွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ကျောက်တံတား၌ ပြုလုပ်သည်။

ဝါးခယ်မမြို့နယ်အတွင်းရှိပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်နှင့် ပတ်သက်၍ အန္တရာယ်ကြုံတွေ့ပါက ထိရောက်နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်နိုင်စေရေး၊ အသက်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းဖြစ်ကြောင်း၊ ဇာတ်တိုက်လေ့ကျင့်မှုကို ဝါးခယ်မမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတိုးနိုင်ဦး ဦးဆောင်ကာ အရေးပေါ် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၃၅ ဦးဖြင့် ဆောင်ရွက်ခဲ့ရာ ရေနစ်သူအား (Speed Boat) ယာဉ်ဖြင့် ရှာဖွေကယ်ဆယ်ခြင်း၊ ရေနစ်သူအား ရှေးဦးသူနာပြုနည်းဖြင့် အသက်ကယ်ပြုစုခြင်းတို့ကို လက်တွေ့လေ့ကျင့် သရုပ်ပြသခဲ့သည်။

**လွှမ်းသီဟ (ပြန်/ဆက်)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ဘားအံမြို့၌ ဒစ်ဂျစ်တယ်အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်း ဒုတိယအကြိမ်ဖွင့်လှစ်

ဘားအံ စက်တင်ဘာ ၂၁

ကရင်ပြည်နယ် ဘားအံမြို့၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် ဒစ်ဂျစ်တယ်အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်း ဒုတိယအကြိမ် ဖွင့်လှစ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၈ ရက်က ရက်ကန်နှင့် အသက်မွေးပညာသင်တန်းကျောင်း (ဘားအံမြို့)၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးစိုင်းမင်းထွန်းက အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးက ကုန်အညွှန်းအမှတ်တံဆိပ်နှင့် ပတ်သက်၍လည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြများက ဈေးကွက်သို့ ဝင်ရောက်ရောင်းချနိုင်ရေးအတွက် ဌာနမှ ရေးဆွဲထားသော e-commerce website သို့ ဝင်ရောက်နည်းနှင့် Registration ပြုလုပ်ပုံ အဆင့်ဆင့်တို့ကို အသေးစားစက်မှုလက်မှုလုပ်ငန်းရှင် ၂၀ အား ရှင်းလင်းပြောကြားပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးက သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မိုင်းပန်မြို့နယ်၌ လူငယ်ရေးရာဟောပြောပွဲနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲကျင်းပ

မိုင်းပန် စက်တင်ဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း)မိုင်းပန်မြို့နယ်၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲနှင့် မီးခိုးမြူငွေ့လျှော့ချရေးအသိပညာပေး ဟောပြောပွဲကို လူထုအခြေပြုဗဟိုဌာနခန်းမ၌ စက်တင်ဘာ ၁၉ ရက်က ကျင်းပသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်နန်းမျိုးဆောင်ကျော်က လူငယ်ရေးရာများအကြောင်း၊ လူငယ်များ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန် ဟောပြောပြီး မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးရန်ပိုင်ထွန်းက မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး ဟောပြောကာ လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်ပြပွဲ ပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## တောင်တွင်းကြီးမြို့နယ်၌ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အသိပညာပေးဆွေးနွေး

တောင်တွင်းကြီး စက်တင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍



မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ပြုလုပ်သည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ မသန်စွမ်းအမျိုးအစားများ၊ မသန်စွမ်းသူများ၏အခွင့်အရေးများ၊ မသန်စွမ်းသူများအတွက် ပြဋ္ဌာန်းထားသည့်ဥပဒေများ၊ မသန်စွမ်းသူများ၏ပညာရေးနှင့်ပတ်သက်ပြီး ဥပဒေပါအခွင့်အရေးများ၊ မသန်စွမ်းသူများ၏ အလုပ်အကိုင်ရရှိမှုများ၊ လူမှုဝန်ထမ်းဦးစီးဌာန၏ မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းနှင့် လုပ်ငန်းတာဝန်များအကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ နောင်နောင်(ဗိဿနိုးမြေ)

## သဘာဝမြေသြဇာနှင့် ယူရီးယားဓာတ်မြေသြဇာ ရောစပ်ကြဲပက်ခြင်း သရုပ်ပြပွဲကျင်းပ

ပျော်ဘွယ် စက်တင်ဘာ ၂၁

ပျော်ဘွယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးသီးနှံပန်းတိုင် အထွက်နှုန်း ရရှိရေးအတွက် သဘာဝမြေသြဇာနှင့် ယူရီးယားဓာတ်မြေသြဇာ(၁:၃) ရောစပ်ကြဲပက်ခြင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ညောင်နီပင်ကျေးရွာ တောင်သူဦးစိုးပိုင်၏ မိုးစပါးစိုက်ခင်း သုံးဧကတွင် ကျင်းပသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးညိမ်းဇော်က သဘာဝမြေသြဇာနှင့် ယူရီးယားဓာတ်မြေသြဇာ(၁:၃) ရောစပ်ကြဲပက်ခြင်းကြောင့် မိုးစပါးသီးနှံပန်းတိုင်အထွက်နှုန်း ရရှိစေမည်ဖြစ်ကြောင်း၊ မြေဆီလွှာအရည်အသွေး ပိုမိုကောင်းမွန်လာခြင်း၊ သီးနှံအတွက် အဓိကလိုအပ်သော အာဟာရဓာတ်များ ရရှိစေခြင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ် လျှော့ချနိုင်ခြင်း အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။



သဘာဝမြေသြဇာနှင့် ယူရီးယားဓာတ်မြေသြဇာ ရောစပ်ကြဲပက်ခြင်း သရုပ်ပြပွဲသို့ ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအာကာစိုးနှင့် သက်ဆိုင်ရာဌာနများ၊ အနီးဝန်းကျင်ကျေးရွာများမှ စပါးစိုက်တောင်သူများ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရွှေကျင်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကျင်းပ

ရွှေကျင် စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် စစ်ဗျူဟာ (အခြေချ) ရွှေကျင်၊ တပ်နယ်ခန်းမ၌ မဲဆန္ဒရှင်များအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို စက်တင်ဘာ ၁၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဦးဇေယျာဟိန်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ကြီးက ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဒေါ်ဆုအိမ်ဖြူမောင်က မြန်မာအီလက်ထရောနစ် မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ လက်တွေ့စမ်းသပ်မဲပေးခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ကိုယ်တိုင်လက်တွေ့မဲပေးခဲ့ကြကြောင်း သိရသည်။ ထွန်းထွန်းဇော်(ပြန်/ဆက်)



## သံတောင်ကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်း၌ စိတ်ကြိုက်ပန်းချီပြိုင်ပွဲပြုလုပ်

သံတောင်ကြီး စက်တင်ဘာ ၂၁

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ကလေးစာဖတ်ခန်း၌ စက်တင်ဘာ ၁၉ ရက်က ပန်းချီပြိုင်ပွဲ ပြုလုပ်သည်။

အဆိုပါ ပြိုင်ပွဲပြုလုပ်ပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများ ကျောင်းပိတ်ချိန်အားလပ်ရက်များတွင် အချိန်ကိုအကျိုးရှိစွာ အသုံးပြုတတ်စေရန်၊ ဉာဏ်ပညာစွမ်းရည်အတွေးအခေါ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ စာဖတ်ခြင်းအလေ့အထများရှိစေရန်အတွက် ပြုလုပ်ပေးခြင်းဖြစ်ပြီး စိတ်ကြိုက်ပန်းချီပြိုင်ပွဲကို ကျောင်းသား ကျောင်းသူ ၁၅ ဦးတို့က ပါဝင်ယှဉ်ပြိုင်ကြကာ ဆုရရှိသူများအား မြို့နယ်ဦးစီးမှူး နော်လော်မူနှင့် ဝန်ထမ်းများက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

နော်နော်မူ



## မိုင်းရယ်မြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြော

မိုင်းရယ် စက်တင်ဘာ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့၌ အခြေခံပညာအလယ်တန်းကျောင်း (မိုင်းရယ်)တွင် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်အား စက်တင်ဘာ ၁၉ ရက်က ပြုလုပ်သည်။

အဆိုပါ အခြေခံပညာအလယ်တန်းကျောင်း (မိုင်းရယ်) တွင် ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာလာက လူငယ်ရေးရာ အသိပညာပေးအဖြစ် လူငယ်နှင့်ပညာရေးအကြောင်းကို ဟောပြောသည်။ ဆက်လက်ပြီး လူကုန်ကူးမှုအန္တရာယ်အသိပညာပေး နံရံကပ်စာစောင်များအား ပြသခြင်း၊ နယ်လှည့်စာကြည့်တိုက်အဖြစ် စာအုပ်စာစောင်ပြပွဲ ပြုလုပ်ပေးခြင်း၊ စာအုပ်ငှားရမ်းပေးခြင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

မိုင်းရယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကလေးငယ်များအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးများအား မြို့နယ်အတွင်းရှိ အမှတ်(၁၅)အခြေခံပညာမူလတန်းကျောင်း Grade-1 ကျောင်းသား ကျောင်းသူလေးများအား သက်ဆိုင်ရာကြီးကြပ်သူ ဆရာမများ ဦးဆောင်လျက် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက စက်တင်ဘာ ၁၉ ရက်တွင် ကျန်းမာရေးနှင့်ညီညွတ်စွာ တိုက်ကျွေးစဉ်။ ဇော်မိုး (သဃ်္ဃန်းကျွန်း)

## ကျောက်ပန်းတောင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်း အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးမှု သရုပ်ပြခြင်းများကို စက်တင်ဘာ ၁၇ ရက်က သီရိမင်္ဂလာရပ်ကွက် ရပ်ကွက်ဓမ္မာရုံ၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေးနှင့်သရုပ်ပြပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရန်မျိုးနိုင်က အမှာစကားပြောကြားပြီး၊ မြို့နယ်ရွေးကောက်ပွဲ အရာရှိ ဦးဇင်မောင်က မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် ရပ်မိရပ်ဖများနှင့် မဲဆန္ဒရှင်ပြည်သူများ၏ မေးမြန်းမှုများကို၊ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး မဲဆန္ဒရှင်ပြည်သူများက မဲပေးစက်ဖြင့် ဆန္ဒမဲပေး ခြင်းကို ကိုယ်တိုင် လက်တွေ့စမ်းသပ်ဆောင်ရွက်ကြသည်။



အဆိုပါအသိပညာပေးနှင့် စမ်းသပ်မဲပေးပွဲသို့ ခရိုင်ကော်မရှင်အဖွဲ့ဝင် ဦးနိုင်ဦး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သီရိမင်္ဂလာရပ်ကွက်နေ မဲဆန္ဒရှင်ပြည်သူများ စုစုပေါင်း ၂၈၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

## ကျိုက်လတ်မြို့နယ်၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

**ကျိုက်လတ် စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်း၌ စက်တင်ဘာ ၁၈ ရက်က စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ကျိုက်လတ်မြို့နယ် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမိုးမင်းသန်းက စားသုံးသူအခွင့်အရေးအကြောင်း၊ စားသောက်ကုန်များနှင့်ပတ်သက်၍ ဆိုးဆေးများ၊ တာရှည်ခံဆေးများ၏ ဆိုးကျိုးများ၊ သက်တမ်းလွန် စားသောက်ကုန်များ၏ အန္တရာယ်များအကြောင်းတို့ကို ဟောပြောပြီး အသိပညာပေးဟောပြောပွဲသို့ အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဇော်မင်းဦး၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကျိုက်လတ်(ပြန်/ဆက်)**



## ပိုင်ကျုံမြို့၌ မဲပေးစက်ဆိုင်ရာ အသိပညာပေး

**ပိုင်ကျုံ စက်တင်ဘာ ၂၁**

ကရင်ပြည်နယ် ပိုင်ကျုံမြို့၌ မဲဆန္ဒရှင်များအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်ဆန္ဒမဲပေးခြင်း သရုပ်ပြပွဲကို စက်တင်ဘာ ၁၇ ရက်က ပိုင်ကျုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ပြည်သူများ သိသင့်သိထိုက်သော အချက်အလက်များနှင့် ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် မဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အသုံးပြုပုံအဆင့်ဆင့်နှင့် မဲဆန္ဒရှင်ပြည်သူများ မဲပေးရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် မဲပေးစက်ဖြင့် မဲပေးပုံ/မဲပေးနည်းစနစ်များကို ရှင်းလင်းပြောကြားခဲ့သည်။ **နော်ခူး(ပြန်/ဆက်)**

## တောင်ငူမြို့၌ အသိပညာပေးဟောပြော

**တောင်ငူ စက်တင်ဘာ ၂၁**

တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၁၇ ရက်က တောင်ငူမြို့ အမှတ်(၁၂) ရပ်ကွက်ရှိ မူလွန်ဇောင်ချမ်းတောင်၌ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ယဉ်ယဉ်အေးက "ကလေးအလုပ်သမား ပပျောက်ရေး" အသိပညာပေးဟောပြောဆွေးနွေးပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။ ထို့နောက် တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးငယ်များအား အသိပညာဗဟုသုတရရှိစေရေးနှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကိုယ်လက် လေ့ကျင့်ခန်းများ ဆောင်ရွက်၍ ပုံပြင်ပြောပြခြင်း၊ ကလေးငယ်များအား စာဖတ်သည့် အလေ့အထများ ရရှိစေရန် နယ်လှည့်စာကြည့်တိုက် စနစ်ဖြင့် စာအုပ်များ ငှားရမ်းခြင်းတို့ ဆောင်ရွက်ပြီး အသိပညာပေး နံရံကပ်စာစောင်များအား ပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**



## မြစ်ကြီးနားမြို့၌ ဌာနဆိုင်ရာဝန်ထမ်းအမျိုးသမီးများအတွက် အခမဲ့ ပန်းအလှဆင်သင်တန်းဖွင့်လှစ်ပေး

**မြစ်ကြီးနား စက်တင်ဘာ ၂၁**

ကချင်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းအမျိုးသမီးများ မိသားစုအပိုဝင်ငွေရရှိစေရေးနှင့် ဌာနဆိုင်ရာအခမ်းအနားများတွင် မွမ်းမံပြင်ဆင်ပေးနိုင်ရေးအတွက် အခမဲ့ပန်းအလှဆင်သင်တန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စက်တင်ဘာ ၂၀ ရက်က မြစ်ကြီးနားမြို့ရှိ လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါသင်တန်းတွင် ပန်းပညာရှင် ဆရာ ဦးသန်းမင်းဦးက စားပွဲတင်ပန်း၊ လက်ကိုင်ပန်း၊ ရင်ကပ်ပန်း၊ လက်ဆောင်ပန်းစည်း၊ ဂုဏ်ပြုပန်းစည်း၊ အခမ်းအနားပြင်ဆင်ခြင်း၊ ပန်းခြင်း၊ ပန်းခွေ၊ နံရံကပ်၊ မျက်နှာကြက်ပန်းထိုးခြင်း၊ မင်္ဂလာကားပြင်ဆင်ခြင်းနှင့် ဂုဏ်ပြုကားပြင်ဆင်ခြင်းများကို ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်း အမျိုးသမီး ၂၀ တို့အား နှစ်ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မြစ်သားမြို့နယ်၌ KG ကလေးများအား ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေး

**မြစ်သား စက်တင်ဘာ ၂၁**

မြစ်သားမြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်ကာ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန ကျန်းမာရေးဆရာမများက မြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်းများမှ KG ကလေးများအား စက်တင်ဘာ ၁၉ ရက်က ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးကို တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် အများအားဖြင့် ညစ်ညမ်းသောရေမှတစ်ဆင့် ကူးစက်တတ်သော ဗက်တီးရီးယားရောဂါဖြစ်ကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါသည် ပြင်းထန်ဝမ်းလျှောခြင်းနှင့်ရေဓာတ်ခန်းခြောက်ခြင်းကို ဖြစ်စေနိုင်သောကြောင့် ကလေးငယ်များအား ကြိုတင်ကာကွယ်နိုင်ရန်ရည်ရွယ်၍ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန ကျန်းမာရေးဆရာမများက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးကို မြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်းများမှ KG ကလေး ၄၄၆ ဦးကို တိုက်ကျွေးပေးခဲ့ကြောင်း မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **ဝါဝါမြင့် (မြစ်သား)**



## မင်းလှမြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိသူများအား ဆုချီးမြှင့်




**မင်းလှ စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို အထက မင်းလှ(မြို့ပြင်) ကျောင်း၌ စက်တင်ဘာ ၁၈ ရက်က ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ကြည်ကြည်ချိုက ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် အခြားဗဟုသုတများ ရရှိစေရန် စာအုပ်စာပေများကို လေ့လာဖတ်ရှုစေရန်နှင့် ပြိုင်ပွဲများကို စိတ်ဝင်တစား ဝင်ရောက်ယှဉ်ပြိုင်ကြရန် အားပေးစကားများ ပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ကြည်ကြည်ချိုနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများက ပညာတန်ဆောင်ရုပ်ပြပြိုင်ပွဲ၊ ကမ္ဘာ့ခရီးသွားနေ့ စာစီစာကုံးပြိုင်ပွဲ၊ ၂၀၂၅ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကမ္ဘာ့ဆရာများနေ့ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ၊ (၅၄) ကြိမ်မြောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ စာစီစာကုံးပြိုင်ပွဲ (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် (ထက်၊ လယ်၊ မူ) စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့၌ ဆုရရှိသည့် ကျောင်းသား ကျောင်းသူ ၄၃ ဦးအား ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အကျဉ်းထောင်များနှင့်ပတ်သက်၍ မဟုတ်မမှန် စွပ်စွဲရေးသား ဖော်ပြခဲ့

နေပြည်တော် စက်တင်ဘာ ၂၁

မုံရွာအကျဉ်းထောင်ရှိ နိုင်ငံရေးအကျဉ်းသား ကိုဇော်မင်းဦး အသက်ရှုကျပ်အမောဖောက်စဉ် အကျဉ်းဦးစီးဌာနက ဆေးကုသပေးရန်နှင့် ဆေးရုံပို့ပေးရန် ငြင်းဆန်သဖြင့် သေဆုံးသည်ဟု Khit Thit Media အမည်ခံ Facebook Page က စက်တင်ဘာ ၄ ရက်တွင် မဟုတ်မမှန် စွပ်စွဲရေးသားဖော်ပြခဲ့သည်။

အကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသား အကျဉ်းသူဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ပြစ်ဒဏ်ကျခံနေရသူများသာရှိကြောင်း၊ အကျဉ်းသား ဇော်မင်းဦး (ဘ) ဦးလှငွေသည် လျှပ်စစ်မီးကြိုးခိုးယူမှု ပပက ၆(၁)ဖြင့် ထောင်ဒဏ် ခုနစ်နှစ် ကျခံနေရသော အကျဉ်းသားဖြစ်ပြီး အစာစားချင်စိတ်မရှိခြင်း၊ အစာမကြေသကဲ့သို့ဖြစ်ခြင်း၊ ရင်ညွန့်နေရာမှ အောင့်ခြင်း၊ ဆီးအရောင်ဝါခြင်း စသည့် ရောဂါလက္ခဏာများ ခံစားနေရခဲ့ပြီး ၂၀၂၅ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် အကျဉ်းထောင်ဆေးခန်းသို့ လာရောက်ပြသ၍ အကျဉ်းထောင်ဆရာဝန်ကစမ်းသပ်စစ်ဆေးခဲ့ရာ အများမရှိခြင်း၊ သွေးပေါင်ချိန်၊ သွေးခုန်နှုန်းပုံမှန်ဖြစ်ခြင်း၊ ရင်ညွန့်နေရာတွင် လက်ဖြင့်ဖိစမ်းသပ်ပါက အနည်းငယ်နာသည်မှလွဲ၍ ကျန်အစိတ်အပိုင်းအားလုံး ပုံမှန်ဖြစ်ခြင်း၊ လူနာ၏ ရာဇဝင်နှင့် စမ်းသပ်စစ်ဆေးခြင်းများအရ အစာအိမ်ရောင်ခြင်းနှင့် အသည်းအနည်းငယ်ရောင်ခြင်းဖြစ်သဖြင့် လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ စက်တင်ဘာ ၂ ရက်တွင် အကျဉ်းသားမှ ရုတ်တရက်မောကျပ်ခြင်းကြောင့် မုံရွာပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်ပို့၍ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း။

အကျဉ်းသားလူနာသည် စက်တင်ဘာ ၃ ရက် ည ၇ နာရီ မိနစ် ၄၀ တွင် ဆေးကုသမှုခံယူလျက်ရှိရာမှ နှလုံးကြွက်သား လျော့တွဲအားနည်းရောဂါကြောင့် ရုတ်တရက် နှလုံးခုန်ရပ်တန့်၍ သေဆုံးသွားသဖြင့် ၎င်း၏ မိသားစုဝင်များထံသို့ အကြောင်းကြားပြီး မိသားစုဝင်များနှင့်အတူ မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့ကြောင်း သိရသည်။

Khit Thit Media က ဖော်ပြထားသကဲ့သို့ ဆေးဝါးကုသခွင့်မရရှိ၍ သေဆုံးရသည့် သေဆုံးအကျဉ်းသားများ လစဉ်ပိုမိုတိုးလာသည်မှာ မှန်ကန်မှုမရှိကြောင်း၊ ထို့ပြင် အကျဉ်းသားများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမရှိကြောင်း၊ LGBT အကျဉ်းသားအချို့အပေါ် အကျဉ်းဦးစီးဌာနက လက်သပ်မွေးထားသည့် ရာဇဝတ်အကျဉ်းသားများက လိင်ပိုင်းဆိုင်ရာ စော်ကားသည်ဆိုသည်မှာလည်း မှန်ကန်မှုမရှိကြောင်း သိရသည်။

အကျဉ်းထောင် ဆေးခန်းတွင် ဆေးဝါးအပြည့်အစုံဖြင့် ကုသပေးလျက်ရှိပြီး သက်သာမှုမရှိပါက ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသပေးလျက်ရှိကြောင်း၊ အကယ်၍ အကျဉ်းသားများ သေဆုံးမှုရှိပါက မိသားစုထံ ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မည်သည့်အကျဉ်းသားကိုမဆို ခွဲခြားဆက်ဆံမှုမပြုရန် နှိပ်စက်ညှဉ်းပန်းမှုများမရှိအောင် တာဝန်ရှိသူအဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ Mizzima News in Burmese အမည်ခံ Facebook Page က ဘားအံအကျဉ်းထောင်တွင် နိုင်ကျဉ်း ၁၁ ဦး သုံးလကြာ တိုက်ပိတ်ခံထားရပြီး တစ်ဦးသေဆုံးသည်ဟု မဟုတ်မမှန်စွပ်စွဲရေးသား ဖော်ပြခဲ့သည်။

ဘားအံအကျဉ်းထောင်တွင် ဇွန် ၁၄ ရက်က ရှာဖွေရေးပြုလုပ်ရာတွင် အကျဉ်းသား သူရအောင် (ဘ)ဦးမြင့်သိန်း ပိုင်ဆိုင်သည့် keypad ဖုန်းတစ်လုံး၊ အားသွင်းကြိုးတစ်စုံတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့ပြီး ထိုသို့ သိမ်းဆည်းရမိခဲ့သည့်အတွက် အကျဉ်းသား သူရအောင် (ဘ) ဦးမြင့်သိန်းအား အကျဉ်းထောင်အက်ဥပဒေပုဒ်မ-၄၂ ဖြင့် ဘားအံမြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ကာ မြို့နယ်တရားရုံးမှ ပြစ်ဒဏ် ခြောက်လ ချမှတ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့သည့် အမှတ်(၁)အိပ်ဆောင်မှ အကျဉ်းသားသုံးဦး၊ အမှတ်(၄)အိပ်ဆောင်မှ အကျဉ်းသား ၁၀ ဦး ဦးဆောင်သူ စုစုပေါင်း ၁၃ ဦးတို့ကို အကျဉ်းထောင်နည်းဥပဒေပုဒ် ၈၁၈ အရ သီးခြားခွဲခြားထားရှိခြင်း၊ အကျဉ်းထောင်နည်းဥပဒေပုဒ် ၈၃၈ အရ သာမန်လျှော့ရက်ဖြတ်တောက်ခြင်း၊ အကျဉ်းထောင်နည်းဥပဒေပုဒ် ၈၄၇ အရ အထူးလျှော့ရက်ဖြတ်တောက်ခြင်း၊ အကျဉ်းထောင် နည်းဥပဒေပုဒ် ၈၄၂ အရ တစ်နှစ်ပတ်လုံး စည်းကမ်းကောင်းမွန်စွာနေထိုင်သည့် ဆုမှတ် ၁၅ ရက် ဖြတ်တောက်ခြင်း စသည့် ပြစ်ဒဏ်များကို အကျဉ်းထောင်နည်းဥပဒေနှင့်အညီ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပြီး မည်သည့်အကျဉ်းသားတစ်ဦးတစ်ယောက်ကိုမျှ ရိုက်နှက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ထို့အတူ ဘားအံအကျဉ်းထောင်တွင် အကြမ်းဖက်-၅၂(က) အရ ထောင်ဒဏ် ခုနစ်နှစ် ကျခံလျက်ရှိသည့် အကျဉ်းသား ညဏ်မင်းထွန်း(ဘ)ဦးသန်းထွန်းသည် အကျဉ်းထောင်အတွင်း၌နေထိုင်စဉ် နှလုံးသွေးကြောကျဉ်း၊ အဆုတ်ပိုးဝင်ခြင်း၊ ဝမ်းပျက်ခြင်း၊ နှလုံးကြွက်သားအားနည်းခြင်း ရောဂါဝေဒနာများ ခံစားခဲ့ရသဖြင့် အကျဉ်းထောင်ဆရာဝန်က လိုအပ်သော ဆေးဝါးများဖြင့် ဆေးဝါးကုသပေးခဲ့သည်။

ယင်းအကျဉ်းသားသည် ပြင်ပတွင်နေထိုင်စဉ်ကပင် နှလုံးသွေးကြောကျဉ်းရောဂါကို ကာလကြာရှည်စွာခံစားနေသူ၊ အဝလွန်ကဲသူဖြစ်သည့်အတွက် အကျဉ်းထောင်သို့ရောက်ရှိချိန်တွင် အကျဉ်းထောင်ဆေးခန်း၌ အမြဲတစေဆေးဝါးကုသမှုခံယူနေရသူတစ်ဦးဖြစ်ပြီး ဇူလိုင် ၁၄ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် အသက်ရှုကျပ်ခြင်း၊ မောခြင်းတို့ကြောင့် ဘားအံပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်တင်ပို့ကုသခဲ့ပြီး ဘားအံပြည်သူ့ဆေးရုံကြီး တာဝန်ခံဆရာဝန်က ဆေးဝါးကုသမှုပေးခဲ့သော်လည်း နှလုံးအတွင်း သွေးခဲများပိတ်သည့် ရောဂါဝေဒနာဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် Mizzima News in Burmese အမည်ခံ Facebook Page က ဖော်ပြထားသကဲ့သို့ အကျဉ်းသားများ ကျဉ်းကြပ်စွာ နေထိုင်ရသည်ဆိုသည်မှာလည်း မှန်ကန်မှုမရှိဘဲ ပြီးခဲ့သည့်ဖေဖော်ဝါရီ ၂ ရက်က အကျဉ်းထောင်၏ အရှေ့ဘက် ပင်မဆောင်ရှိ ပြိုကျမှုကြောင့် ပြန်လည်ပြုပြင်နေစဉ် အုတ်ရိုးနှင့် ကပ်လျက်ရှိသော အမှတ်(၄) အိပ်ဆောင်ရှိ အကျဉ်းသားများကို အမှတ်(၅)အိပ်ဆောင်သို့ ခေတ္တပြောင်းရွှေ့ခဲ့ခြင်းသာဖြစ်ကြောင်း သိရသည်။

ဇွန်လတွင် ပြန်လည်ပြုပြင်ပြီးဖြစ်သည့်အတွက် မူလထားရှိသည့် အိပ်ဆောင်များအတိုင်း ပြန်လည်ထားရှိပြီးဖြစ်သည့်အတွက် Media အမည်ခံ Facebook Page များ၏ဖော်ပြမှုများသည် ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသားထားခြင်းဖြစ်ပြီး အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားဖော်ပြခြင်းသာဖြစ်သည်။

သစ္စာ

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။




၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Naing Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက်နေ နိုင်ဝင်း(ခ)ဘော်နီအာမိန်အား ညနေ ၅ နာရီ မိနစ် ၅၀ တွင် သန်လျင်မြို့မရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၂၁

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း “ရာဂါဆာ” သည် အနောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ အဆိုပါတိုင်ဖွန်းမုန်တိုင်း “ရာဂါဆာ” သည် အနောက်ဘက်သို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စက်တင်ဘာ ၂၆ ရက်အတွင်း နေရာကွက်၍ မိုးကြီးနိုင်


**နေပြည်တော် စက်တင်ဘာ ၂၁**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ စက်တင်ဘာ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**


မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၁-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆ : ၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၆-၉-၂၀၂၅ ရက်နေ့အတွက် မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၁-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆: ၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၂-၉-၂၀၂၅ ရက်နေ့မှ ၂၃-၉-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၁-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆: ၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၄-၉-၂၀၂၅ ရက်နေ့မှ ၂၅-၉-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




---

❑ *ကျောဖုံးမှ*

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၈ ရက်တွင် ဘားအံမြို့ သာယာကုန်းကျေးရွာအနီး ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၈ မျိုး၊ စားသောက်ကုန်ပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၀၆၅၄၀၀၀) ကိုလည်းကောင်း၊ ဘားအံမြို့ အိန္ဒုကျေးရွာ ရွှေသရက်ပင်ကြီး စားသောက်ဆိုင်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၇ မျိုး၊ လူသုံးကုန်ပစ္စည်း ၂၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၉၁၀၆၅၀၀)ကိုလည်းကောင်း၊ ဘားအံမြို့ ထီးပို့ကလို့ကျေးရွာအနီးရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၉၂၇၄၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၃၆၈၇၉၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၆ ရက်တွင် ဘုရားကြီးမြို့နယ်အတွင်း၌ တရားမဝင်သစ်မာ ၀ ဒသမ ၈၃၅တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၆၇၉၃၆)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၇ ရက်တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ရှစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၆ ရက်တွင် ရပ်စောက်မြို့နယ် ကောင်းဘို့ကျေးရွာအနီး၌ မော်တော်ယာဉ် ၂၂ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၆၉၁မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၄၅ မျိုး၊ စားသောက်ကုန်ပစ္စည်း ၄၅ မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၆၄၄၅၀၉၂) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck ၁၀ စီး၊ Nissan Diesel Truck ခြောက်စီး၊ Hino Profia Truck လေးစီး၊ Mitsubishi Canter Truck နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရွှာင်မြို့နယ် မြို့ကြီးကျေးရွာအနီး၌ မော်တော်ယာဉ် ၁၃ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၃၄ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၂၇ မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၈၈၉၆၆၉၉) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Charm Truck တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Doh Shwe Myanmar Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Dong Feng Tractor Head သုံးစီး၊ Man Tractor Head တစ်စီး၊ Howo Sino Tractor Head တစ်စီး၊ Nissan UD Tractor Head တစ်စီး၊ Gemlyon Tractor Head တစ်စီး၊ Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ၁၀ တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၅၀၀၀၀၀၀)ကိုလည်းကောင်း၊ စက်တင်ဘာ ၁၇ ရက်တွင် ပင်လုံမြို့ ရပ်ကွက် (၂)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀) ကိုလည်းကောင်း၊ စက်တင်ဘာ ၁၈ ရက်တွင် ပင်လုံ-လဲချားသွားကားလမ်း၊ မိုင်တိုင်အမှတ် (၂/၁)နှင့် (၃/၀) အနီး၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၂၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ဟိုပုံးမြို့နယ်အတွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၃၂၅၆၇၉၁)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၃၁၂ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၂၅၂၀၀) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၆၂၅၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃၆ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၈၄၄၃၃၇၈၂၇) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုး သက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## တောင်ကြီးမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**တောင်ကြီး စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်" ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက်တွင် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများ၊



မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ဆရာမကြီးများ၊ ရှမ်းပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

ဦးစွာ ရှမ်းပြည်နယ်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က အမှာစကား ပြောကြားသည်။ ထို့နောက် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမှ Grade- 1 ကျောင်းသူများက "ကောက်စိုက်ချိန်" သီချင်းဖြင့်လည်းကောင်း၊ ကျောင်းသား ကျောင်းသူများက "ရိုးရာမပျက်တဲ့မြေ" သီချင်းဖြင့်လည်းကောင်း သရုပ်ဖော်တင်ဆက်ခဲ့ကြပြီး ပြည်နယ်လူမှုရေးရာဝန်ကြီးက ပြိုင်ပွဲတွင် ပါဝင်ကူညီခဲ့သည့် စာပေပညာရှင်များ၊ အကဲဖြတ်ဒိုင်များအား အမှတ်တရ လက်ဆောင်များကိုလည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

**ကျော်ဇင်(ပြန်/ဆက်)**

## ငါန်းဇွန်မြို့၌ သဘာဝဘေးအန္တရာယ်အသိပညာပေးဟောပြော

**ငါန်းဇွန် စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့ အမှတ်(၃)အခြေခံပညာ မူလတန်းကျောင်း၌ ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ငါန်းဇွန်မြို့နယ်ရုံးမှ ကျောင်းသား ကျောင်းသူများအား သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နေခြည်ဦးက ငလျင်ဘေး အန္တရာယ်ခေါင်းစဉ်ဖြင့် ငလျင်ဘေးအတွက် ကြိုတင်ပြင်ဆင်ရန်များ၊ ငလျင်လှုပ်နေစဉ်နှင့် လှုပ်ပြီးနောက် လိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့် အချက်များ၊ လျှပ်စီးလက်ခြင်းမဖြစ်မီ ကြိုတင်လုပ်ဆောင်ရန် အချက်များ၊ လျှပ်စီးလက်ခြင်း ဖြစ်ပွားပြီးနောက် လိုက်နာရန်အချက်များ စသည်တို့ကို ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။ **သက်နောင်ဦး(ငါန်းဇွန်)**

## ကျောက်ဆည်မြို့နယ်၌ မိုးစပါး(အောင်နိုင်တိုး) စံပြကွက် မြေသြဇာစုပေါင်းကြဲပက်

**ကျောက်ဆည် စက်တင်ဘာ ၂၁**

ကျောက်ဆည်မြို့နယ်၌ မိုးစပါး (အောင်နိုင်တိုး) High Yield Potential စံပြကွက်တွင် မြေသြဇာ



စုပေါင်းကြဲပက်ပွဲကို စက်တင်ဘာ ၂၀ ရက်က မယ်ဇယ်ပင်ကျေးရွာအုပ်စု ကွင်းအမှတ်၁၅၉၊ ဦးပိုင်အမှတ်၁၂၆/၂၊ တောင်သူ ဦးစိုးငွေ၏ စိုက်ခင်း၌ ပြုလုပ်သည်။

မြေသြဇာစုပေါင်းကြဲပက်ပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးညှိနှိုင်းမှုအဖွဲ့၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူ စုစုပေါင်း ၇၇ ဦး တက်ရောက်ခဲ့သည်။

ကျောက်ဆည် မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီတွင် ဧရာမင်း၊ မနောသုခ၊ ဆင်းသုခ၊ အောင်နိုင်တိုး၊ GW-11နှင့် GW-18 စပါးမျိုးများ စိုက်ပျိုးကြောင်းနှင့် စုစုပေါင်း ၅၂၃၃၄ ဧက စိုက်ပျိုးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မောင်ကျော်ကြီး**

## သာကေတမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်စကားဝိုင်း ကျင်းပ

**သာကေတ စက်တင်ဘာ ၂၁**

သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်စကားဝိုင်း၊ ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကို စက်တင်ဘာ ၁၆ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူက အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်နန်းနုနုကြည်က ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန



ဦးစီးအရာရှိ ဒေါ်အိရွှေစင်လတ်က ဦးဆောင်ဆွေးနွေးပြီး အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့်အောင်မြင်ခြင်း၊ လူငယ်နှင့် ရည်မှန်းချက် စသည့် ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးပြီး တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**အိရွှေစင်လတ်(ပြန်/ဆက်)**

## မိုးညှင်းမြို့နှင့် ကွန်ဟိန်းမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီက မိုးညှင်းမြို့နယ် နန့်စီးအောင်ကျေးရွာအနီးတွင် မိုးကုတ်မြို့မှ လုံးခင်းကျေးရွာဘက်သို့ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆွတ်အောင်ရွာနေ ညီညီစိုး (၄၀)နှစ် မောင်းနှင်ပြီး ဖားကန့်မြို့နယ် လုံးခင်းကျေးရွာနေ အောင်မိုးဝင်း(၄၀)နှစ် လိုက်ပါလာသော MITSUBISHI PAJERO မော်တော်ယာဉ်အား စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၉၉၅၀ (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၁၄၉ ဒသမ ၂၅ သိန်း)နှင့် မြန်မာငွေစက္ကူ ကျပ်လေးသိန်းတို့ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၆ ရက် ညနေ ၆ နာရီတွင် ကွန်ဟိန်းမြို့နယ် တာကော်ကျေးရွာအနီးတွင် ကာလိမြို့ဘက်မှ မိုင်းပျဉ်းမြို့သို့ ပင်းတယမြို့နယ် သရက်ကုန်းကျေးရွာနေ ကျော်ဝေလွင်(ခ)ကိုကြင် (၂၂)နှစ် မောင်းနှင်လာသော TOYOTA SUCCEED မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ဘိန်းဖြူအလေးချိန် ၂ ဒသမ ၆၄ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၂၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၁၆ ဒသမ ၈ သိန်း)ကို ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**



(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂၁ ရက်က ငဖဲမြို့ကျောင်းတွင်းရပ်ကွက် မိုးကုတ်ရိပ်သာဘုန်းတော်ကြီးကျောင်းရှေ့၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဇော်နှင့် စခန်းမှူး ဒုရဲမှူးဇော်ဝင်း ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။ မယု(ငဖဲ)



## အင်းစိန်မြို့နယ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၂၁**

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင်ရုံးက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာများကို စက်တင်ဘာ ၁၈ ရက်က အင်းစိန်မြို့နယ် အထက (၅) ကျောင်း၌ ဟောပြောကြသည်။

ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အင်းစိန်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးသိန်းအေးထွန်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် တိုင်းဒေသကြီး(ရုံးခွဲ)မှ ဦးသန်းတိုးအောင် စစ်ဆေးရေးမှူး(၃)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ထုတ်ပြန်ထားသော ဥပဒေများနှင့် သတိပြုလိုက်နာရမည့် အချက်များကို ဗီဒီယိုကလစ်ပြသကာ အသိပညာပေးရှင်းလင်းဟောပြောခဲ့သည်။ **ဇင်မင်းထိုက်(ပြန်/ဆက်)**



## ခရမ်းမြို့နယ်၌ စာပေဟောပြောပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**ခရမ်း စက်တင်ဘာ ၂၁**

ခရမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာပေဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲများကို စက်တင်ဘာ ၁၇ ရက်က အထက(၁) ကျောင်း စိန်ရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရဲက အမှာစကားပြောကြားသည်။ထို့နောက် သန်လျင်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုမိုက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်စာရေးဆရာ ဦးမြင့်ဆွေ(မြင့်ဆွေ-ပညာရေး)က လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲများ ဆက်လက်ကျင်းပရာ ထက်/လယ်/မူ ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် အထူးဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အောင်သုခပဋ္ဌာနယတ္တိစာသင်တိုက်၌ စက်တင်ဘာ ၂၁ ရက်က ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်အောင် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ဖြိုးစန္ဒာ(ပြန်/ဆက်)

(၆၁)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက်က လယ်ဝေးခရိုင် ရဲတပ်ဖွဲ့မှူး၊ ယာယီ ဒုတိယရဲမှူးကြီး အေးကျော် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)





(၆၁)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ၂၀ရက်က မင်းဘူးမြို့ နမ္မဒါဘိုးဘွားရိပ်သာဝင်းအတွင်း၌ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး မောင်မောင်၊ ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ထွန်းမြင့်ထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး လှိုင်ဝင်းတို့ ဦးဆောင်ပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မောင်မောင်(မင်းဘူး)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ၂၁ ရက်က စလင်းမြို့ လက်ပံပင်ကျောင်းတိုက်အတွင်းရှိရတနာမဉ္ဇူဘုရားပရိဝုဏ်အတွင်းနှင့် လက်ပံပင်ကျောင်းတိုက်အတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သူ ဦးဆောင်၍ မြို့မရဲစခန်းမှူး မျိုးနိုင်နှင့် တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မောင်လွင်(စလင်း)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်က မိတ္ထီလာမြို့ ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးအတွင်း၌ ခေတ္တဒုတိယ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသွင်ဦး၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းမင်းသီရိ၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဇော်ဦးတို့ ဦးဆောင်၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ချမ်းသာ(မိတ္ထီလာ)


## အမည်မှန်

